**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၇)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၇၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၂၅-၂-၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ နေပြည်တော် လယ်ယာစိစစ်ရေးအစည်းအဝေးတက်ရောက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ လုပ်ငန်းတာဝန်များဆောင်ရွက်ရန်။ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေးနဲ့ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၇)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## မြန်မာနိုင်ငံ လွတ်လပ်ရေး၏ မီးရှူးတန်ဆောင်ဖြစ်သော ဆရာတော်ဦးဥတ္တမ ပျံလွန်တော်မူသော စက်တင်ဘာလ ၉ ရက်နေ့ကို အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် သို့မဟုတ် ရခိုင်ပြည်နယ် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် က မြန်မာနိုင်ငံ လွတ်လပ်ရေး၏ မီးရှူးတန်ဆောင်ဖြစ်သော ဆရာတော်ဦးဥတ္တမပျံလွန်တော်မူသော စက်တင်ဘာလ ၉ ရက်နေ့ကို အစိုးရရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးရန် သို့မဟုတ် ရခိုင်ပြည်နယ်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတာကတော့ မြန်မာနိုင်ငံလွတ်လပ်ရေးရဲ့ မီးရှူးတန်ဆောင်ဖြစ်သော ဆရာတော်ဦးဥတ္တမ ပျံလွန်တော်မူသော စက်တင်ဘာလ ၉ ရက်နေ့ကို အစိုးရရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးရန် သို့မဟုတ် ရခိုင်ပြည်နယ် ရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။

မြန်မာနိုင်ငံလွတ်လပ်ရေး၏ မီးရှူးတန်ဆောင်ဖြစ်သော ရခိုင်အမျိုးသား ဆရာတော် ဦးဥတ္တမသည် ဒုတိယကမ္ဘာစစ်အစပိုင်း ၉ - ၉ - ၁၉၃၉ ရက်နေ့၊ သက်တော်(၆၀)တွင် ပျံလွန်ခဲ့ပါတယ်။ ယခုအခါ နှစ်ပေါင်း(၈၀)ရှိသွားပါပြီ။ ဆရာတော် မပျံလွန်မီကပင် မြန်မာနိုင်ငံ အမျိုးသားနေ့တစ်နေ့ သတ်မှတ်နိုင်ရေးအတွက် ၁၉၂၂ ခုနှစ်၊ (၉)ကြိမ်မြောက် GCBA အစည်းအဝေး၌ ဆွေးနွေးကြရာ (၁) သီပေါမင်းပါတော်မူသောနေ့၊ (၂) ဆရာတော်ဦးဥတ္တမ အဖမ်းခံရသောနေ့၊ (၃) ပထမကျောင်းသားသပိတ် စတင်ခဲ့သောနေ့ဟူ၍ နေ့(၃)နေ့ကို ပဏာမအဖြစ် တင်သွင်းခဲ့ကြပြီး ပထမကျောင်းသားသပိတ် စတင်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ ဆရာတော်ဦးဥတ္တမ အဖမ်းခံရသောနေ့ကိုလည်း မြန်မာနိုင်ငံခေါင်းဆောင်များက ထည့်သွင်းစဉ်းစားခဲ့ကြပြီးဖြစ်ရာ မြန်မာအမျိုးသားရေးလှုပ်ရှားမှုသမိုင်းတွင် ဆရာတော်၏ဆောင်ရွက်ချက်များမှာ ကမ္ဘည်းတင်ထိုက်ကြောင်း သက်သေပြမှုတစ်ခုပင်ဖြစ်ပါတယ်။ ဆရာတော်သည် သက်ရှိထင်ရှားရှိစဉ်က ၁၈၈၅ ခုနှစ်မှစခဲ့သော နှစ်ပေါင်း(၅၀) သူ့ကျွန်ဘဝနောက်ပိုင်းတွင် ဆရာတော်သည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် နိုင်ငံ တစ်နံတစ်လျားလှည့်လည်ကာ မြန်မာ့လွတ်လပ်ရေးတရားဟောကြားခဲ့ပါတယ်။ ထောင်(၂)ကြိမ် ကျခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်အုပ်ချုပ်ရေးစနစ်၊ ကျွန်ပညာရေးစနစ်ကိုစီမံခဲ့သော ဒုတိယဘုရင်ခံချုပ် ဆာရယ်ဂျီနယ်ဂရက်ဒေါက်အား မြန်မာနိုင်ငံမှထွက်သွားရန် သူရိယသတင်းစာ၌ ဆောင်းပါးရေး၍ နှင်ထုတ်ခဲ့ပါတယ်။ ဂရက်ဒေါက် Go out ဟူသော ဆရာတော်၏ တိုက်ပွဲခေါ်သံသည် နံပါတ်တုတ်ကိုင်ရဲများကိုပင်ကြောက်နေရသော အရေးအခင်းကာလ၌ မြန်မာနိုင်ငံ မျိုးချစ်ပြည်သူများအား ရဲဆေးတင်ပေးခဲ့သော တပ်လှန့်သံဖြစ်ပါတယ်။ ဆရာတော်၏ နယ်ချဲ့ဆန့်ကျင်ရေးတရားပွဲများမှာ ကြက်ပျံမကျစည်ကားခဲ့ရာ သခင်မျိုးဖြစ်၍ သခင်စိတ်မွေးကြရန်၊ ကျွန်ပြုသူ အင်္ဂလိပ်များ၏ အုပ်ချုပ်ရေးကို လက်မခံရန်၊ လိပ် ပါလျှင် မည်သည့်ပစ္စည်းကိုမျှ မသုံးကြရန် ဟောကြားခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသည် ထိုစဉ်က တက္ကသိုလ်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်၍ ဆရာတော်၏ တရားပွဲများကို သွားရောက်နားထောင်ခဲ့ပါတယ်။ ဂျပန်ခေတ် ဗိုလ်ချုပ်ဘဝက ကိုယ်တိုင်ရေးခဲ့သော Burma Challenges ဟူသောစာအုပ်တွင် ဆရာတော်ဦးဥတ္တမ၏ ဟောပြောချက်များကိုကြားနာရ၍ လွတ်လပ်ရေးရယူလိုသောစိတ်ဓာတ်များ ပိုမိုတိုးပွားလာခဲ့သည်ဟူ၍ မှတ်ချက်ပြုရေးသားထားတာတွေ့ရပါတယ်။ စာရေးဆရာမြဟန် ရေးသော အောင်ဆန်း၏ အနုလက်ရာများဟူသော စာအုပ်တွင်လည်း ဗိုလ်ချုပ်အောင်ဆန်း ၏ ရေးသားချက်များကို ဖော်ပြထားသည်မှာ ကျွန်တော်၏ အဖြစ်ကား သန်းခေါင်ယံအလယ်၌ ရောက်နေသူပမာဖြစ်၏၊ ကျွန်ုပ်သွားရမည့်အရာနှင့်ပတ်သက်၍

ဘာတစ်ခုမျှမသိ၊ မရေရာ၊ ဆိုးရွားပေစွ။ ဦးဥတ္တမကိုယ်တော်ကြီး ဟောကြားချက်များကို ကြားနာရ၍ အသိစိတ်တစ်ခုသည် ကျွန်ုပ်ဦးနှောက်ထဲတွင် ပွင့်လင်းလာပါ၏ ဟူ၍ ဖော်ပြထားတာကို တွေ့ရပါတယ်။ ဆရာတော်သည် အိန္ဒိယပြည်၊ ဂျပန်ပြည်များသို့ အကြိမ်ကြိမ်သွားရောက်၍ အာရှတစ်တိုက်လုံး ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် ရှာကြံခဲ့ပါတယ်။ တရုတ်အမျိုးသားခေါင်းဆောင် ဆွန်ယက်ဆင်နှင့် ဂျပန်ပြည်တွင်တွေ့ဆုံ၍ လွတ်မြောက်ရေးအတွက်တိုင်ပင်ခဲ့ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။

ဒါကတော့ ဂျပန်ပြည်က ပါမောက္ခတွေနဲ့ တက္ကသိုလ်မှာဆွေးနွေးနေတာကို ဓာတ်ပုံရိုက်ထားတာပါ။ ဒါက ဂျပန်ပြည်ရောက်စက ဂျပန်ကျောင်းသား၊ ဂျပန်လူငယ်တွေနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံပါ။ ဒါက ဆရာတော် ဦးဥတ္တမ ထောင်ကျခဲ့တဲ့ ဓာတ်ပုံပါ။ ဒါက ဆရာတော် နယ်လှည့်ပြီးတော့ တရားဟောနေတဲ့ပုံပါ။ ဒါက ဗိုလ်ချုပ်အောင်ဆန်းရဲ့ Burma Challenges ဆိုတဲ့စာအုပ်ပါ။ အဲဒီစာအုပ်မှာ ဆရာတော်ဦးဥတ္တမက အဲဒီလို ရေးထားပါတယ်။ အဲဒါကြောင့် ဆရာတော်သည် မြန်မာပြည် လွတ်လပ်ရေးအတွက် အလင်းရောင်ပေးခဲ့သူ၊ လွတ်လပ်ရေးရရှိရေး နှိုးဆော်ဟောပြောပေးသူဖြစ်ရာ ဆရာတော်၏ဂုဏ်ကျေးဇူးအား အမြဲတစေသတိရနေရန် ဆရာတော်ပျံလွန်ခဲ့သော စက်တင်ဘာလ ၉ ရက်နေ့ကို မြန်မာနိုင်ငံအစိုးရရုံးပိတ်ရက်အဖြစ် သို့မဟုတ် ရခိုင်ပြည်နယ်အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။


ဂျပန်ပြည်မှ ပါမောက္ခများ၊ ဆရာတော်နှင့် ကျောင်းသားများ မြင်ကွင်းပုံ (ဘ)



ဆရာတော် ဦးဥတ္တမ ထောင်ကျနေစဉ် ပြပုံ (ဘ-၁)




ဆရာတော် နယ်လှည့်ပြီး တရားဟောနေသည့် မြင်ကွင်းပုံ (ဘ-၂)



**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးလှမော်ဦး (ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်း၍ မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ရဲ့ မြန်မာနိုင်ငံလွတ်လပ်ရေး၏ မီးရှူးတန်ဆောင်ဖြစ်သော၊ ဆရာတော်ဦးဥတ္တမပျံလွန်တော်မူသော စက်တင်ဘာလ ၉ ရက်နေ့ကို အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် သို့မဟုတ် ရခိုင်ပြည်နယ်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆရာတော်ဦးဥတ္တမဟာဆိုလို့ရှိရင် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဦးဆောင်ဦးရွက်ပြုခဲ့သော ရဟန်းတစ်ပါးဖြစ်ပါတယ်။ ဆရာတော်ဟာ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှာ ၂၇ - ၁၂ - ၁၈၇၉ ရက်နေ့က မွေးဖွားခဲ့တာဖြစ်ပါတယ်။ ငယ်နာမည်က မောင်ပေါ်ထွန်းအောင် ဖြစ်ပါတယ်။ ၁၈၈၉ ခုနှစ်၊ ဆွေမျိုးတော်စပ်သူ ဘုံဘေဘားမားကိုယ်စားလှယ် ဦးထွန်းအောင်ကျော် ကနေပြီးတော့ ရဟန်းဒါယကာပြုလျက် စစ်တွေမြို့၊ ရွှေစေတီကျောင်းဆရာတော် ဘဒ္ဒန္တတေဇရာမ၏ ဥပဇ္ဈာယ်ခံယူပြီးတော့ ရဟန်းဘဝကို ရောက်ရှိခဲ့ပါတယ်။ ဆရာတော်ဦးဥတ္တမဟာ အိန္ဒိယ၊ ပြင်သစ်၊ ဂျပန်နိုင်ငံတို့မှာ ပညာသင်ကြားခဲ့ပြီးတော့ ဂျပန်နိုင်ငံ၊ တိုကျိုမြို့ ဗုဒ္ဓဘာသာ သိပ္ပံကျောင်းမှာ သင်္ကရိုက်နှင့် ပါဠိဘာသာပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ ဆရာတော်ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနဲ့ ထိုင်းနိုင်ငံ စတဲ့ နိုင်ငံအနှံ့အပြားကို ကြွရောက်ပြီးတော့ လေ့လာခဲ့တဲ့ ရဟန်းတစ်ပါးလည်း ဖြစ်ခဲ့ပါတယ်။ ဆရာတော်ဟာ ပထမတက္ကသိုလ်ကျောင်းသားသပိတ်အပြီးမှာ နိုင်ငံရေး နိုးကြားလာစေရန်အတွက် စည်းရုံးလှုံ့ဆော်မှုတွေကို ဆောင်ရွက်ခဲ့တာလည်းဖြစ်ပါတယ်။ နိုင်ငံရေးတရားများ ဟောကြားခဲ့တဲ့အတွက် အင်္ဂလိပ်လူမျိုး၊ အင်္ဂလိပ်အစိုးရဟာဆိုလို့ရှိရင် ၁၉၂၁ ခုနှစ်မှာ (၁)ကြိမ်၊ ၁၉၂၇ ခုနှစ်မှာ (၁)ကြိမ်၊ ၁၉၂၈ ခုနှစ်မှာ(၁)ကြိမ်၊ စုစုပေါင်း (၃)ကြိမ်တိုင်အောင် ဖမ်းဆီးခံခဲ့ရကြောင်းလည်း သိရှိရပါတယ်။ ၁၉၃၅ ခုနှစ်၊ (၉၁)ဌာန အုပ်ချုပ်ရေးပေါ်ပေါက်လာချိန်မှစပြီးတော့ မြန်မာ့နိုင်ငံရေးမှာ အကွဲအပြဲနဲ့ ဂိုဏ်းဂဏအစွဲများ ဖြစ်ပေါ်လာတဲ့အတွက် နိုင်ငံရေးအယူအဆ မတူသူများရှိလာပြီးတော့ ဆရာတော်ကို အမျိုးမျိုးစွပ်စွဲပြောဆိုမှုတွေလည်း ရှိလာခဲ့တာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီနိုင်ငံရေး အရှုပ်အထွေးထဲမှာ ဆရာတော်ဟာ ပါဝင်မှုမရှိတော့ဘဲနဲ့ ယင်းကာလမှာပဲ ကျန်းမာရေးကလည်း ပိုမိုဆိုးရွားလာခဲ့တဲ့အတွက်ကြောင့် ၉ - ၉ - ၁၉၃၉ ရက်နေ့

သက်တော်(၆၀)၊ သိက္ခာတော်(၄၁)ဝါမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ပျံလွန်တော်မူခဲ့ကြောင်းလည်း သိရှိရပါတယ်။ ၁၉၄၇ ခုနှစ်ကနေစပြီးတော့ ဆရာတော်ဦးဥတ္တမ ပျံလွန်တော်မူတဲ့ စက်တင်ဘာလ ၉ ရက်နေ့ကို ဦးဥတ္တမအထိမ်းအမှတ်နေ့အဖြစ် ဆရာတော်အားကြည်ညိုလေးစားသူများမှ ဦးဆောင်ပြီးတော့ စုစည်းကျင်းပခဲ့မှုများလည်း ရှိခဲ့ပါတယ်။ ထို့အပြင် တိုင်းရင်းသားမျိုးနွယ်စုများမှာလည်း လွတ်လပ်ရေးကြိုးပမ်းမှုဆောင်ရွက်ရာမှာ ပါဝင်ခဲ့တဲ့ ဆရာတော်ဦးဥတ္တမကဲ့သို့ ခေါင်းဆောင်များ အသီးသီးရှိကြပြီးတော့ သက်ဆိုင်ရာတိုင်းရင်းသားများကလည်း ၎င်းပုဂ္ဂိုလ်များနဲ့ ပတ်သက်တဲ့ နေ့များကို ၎င်းတို့ရဲ့အစီအစဉ်ဖြင့် ကျင်းပဆောင်ရွက်နေမှုများလည်း ရှိခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆရာတော် ဦးဥတ္တမဟာဆိုလို့ရှိရင် လွတ်လပ်ရေးကြိုးပမ်းမှုဆောင်ရွက်တဲ့အခါမှာ ပါဝင်ခဲ့တဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သော်ငြားလည်း အခြားသော သက်ဆိုင်ရာတိုင်းရင်းသားမျိုးနွယ်စုများမှာလည်း လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ပါဝင်ခဲ့တဲ့ ခေါင်းဆောင်များ အသီးသီးရှိခဲ့တဲ့အတွက် ဆရာတော်ဦးဥတ္တမ ပျံလွန်တော်မူခဲ့တဲ့ စက်တင်ဘာလ ၉ ရက်နေ့ကို ဆရာတော်ဦးဥတ္တမနေ့အဖြစ် အစိုးရရုံးပိတ်ရက် သို့မဟုတ် ရခိုင်ပြည်နယ်ရဲ့ ရုံးပိတ်ရက် အဖြစ် သတ်မှတ်မယ်ဆိုလို့ရှိရင် အခြားတိုင်းရင်းသားများကလည်း အလားတူတောင်းဆိုမှုများရှိလာနိုင်ကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့ တရားဝင်ရုံးပိတ်ရက်များ၊ မဟာသင်္ကြန်ကာလ ရုံးပိတ်ရက်များနှင့် အခြားသောပြိန်တမ်းဝင်ရုံးပိတ်ရက်များအားလုံးမှာ တစ်နှစ်ကို ရက်ပေါင်း (၁၃၀)ခန့် ရှိနေတာဖြစ်တဲ့အတွက် ရုံးပိတ်ရက်များ ထပ်မံများပြားလာမယ်ဆိုလို့ရှိရင် အစိုးရယန္တရား လည်ပတ်မှုကိုလည်း ထိခိုက်နိုင်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ နိုင်ငံတော်ဟာ ပြည်သူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စုပေါင်းဆောင်ရွက်ရမယ့်ကာလမှာ ရုံးပိတ်ရက်ထပ်တိုးလာမယ်ဆိုလို့ရှိရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အနည်းနဲ့အများ ထိခိုက်လာမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် ဆရာတော်ပျံလွန်တော်မူသည့်နေ့ကို ရခိုင်ပြည်နယ်အတွက်သာ ရုံးပိတ်ရက်သတ်မှတ်ပါက အခြားဒေသများတွင်နေထိုင်ကြသော ရခိုင်တိုင်းရင်းသားများအား ခွဲခြားသကဲ့သို့လည်းဖြစ်လာမှာကို တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအခြေအနေအရ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိခိုက်မှုမရှိစေရေးနဲ့ တိုင်းရင်းသားများအကြား အထင်အမြင်လွဲမှားပြီး ခွဲခြားဆက်ဆံခံရသည့် သဘောမျိုးမဖြစ်စေရန်အတွက်လည်းကောင်း၊ တိုင်းရင်းသားတစ်မျိုးတည်းကို ဦးစားပေးပြီးတော့ အခွင့်အရေးပေးတဲ့သဘောမျိုး မဖြစ်စေရန်အတွက်လည်းကောင်း၊ အစိုးရရဲ့ယန္တရားလည်ပတ်မှုကို မထိခိုက်စေရန်အတွက်လည်းကောင်း ဆရာတော်ဦးဥတ္တမ ပျံလွန်တော်မူခဲ့တဲ့ စက်တင်ဘာလ ၉ ရက်နေ့ကို ဆရာတော်ဦးဥတ္တမနေ့အဖြစ် အစိုးရရုံးပိတ်ရက် သို့မဟုတ် ရခိုင်ပြည်နယ်ရုံးပိတ်ရက်အဖြစ်သတ်မှတ်ရန် သင့်လျော်မှုမရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့်မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဟံဂံကျေးရွာမှ ကျိုက်မွန်းပလော့တောင်ခြေတွင်ရှိသော ဥယျာဉ်သီးနှံခြံများနှင့် ယင်းလမ်းရှိ လယ်ကွင်းများမှထွက်ရှိသော လယ်ယာ၊ ဥယျာဉ်ထွက်ကုန်သီးနှံများကို သယ်ယူပို့ဆောင်ပေးနိုင်မည့် ကုန်ထုတ်ကျောက်ချောလမ်းနှင့် တံတားများအား တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဟံဂံကျေးရွာမှ ကျိုက်မွန်းပလော့ တောင်ခြေတွင်ရှိသော ဥယျာဉ်သီးနှံခြံများနှင့် ယင်းလမ်းရှိ လယ်ကွင်းများမှထွက်ရှိသော လယ်ယာ၊ ဥယျာဉ်ထွက်ကုန်သီးနှံများကို သယ်ယူပို့ဆောင်ပေးနိုင်မည့် ကုန်ထုတ်ကျောက်ချောလမ်းနှင့် တံတားများအား တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ဖြစ်ပါတယ်။ ရေးမြို့နယ်၊ ဟံဂံကျေးရွာအနီးက ကုန်ထုတ်လမ်းနှင့်တံတားတွေကို တည်ဆောက်ပေးဖို့အတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟံဂံကျေးရွာဆိုတာ ရေးမြို့ကနေ (၇)မိုင်လောက်ဝေးကွာပြီးတော့ ရေးကနေ ခေါဇာမြို့ကိုသွားတဲ့ ကားလမ်းပေါ်မှာ တည်ရှိပါတယ်။ မွန်တိုင်းရင်းသားတွေက (၉၀) ရာခိုင်နှုန်းကျော်နေထိုင်တဲ့ ကျေးရွာကြီးတစ်ရွာဖြစ်ပြီးတော့ အများစုက လယ်ယာလုပ်ငန်း၊ ခြံဥယျာဉ်စိုက်ပျိုးတဲ့လုပ်ငန်းတွေနဲ့ အသက်မွေးကြတဲ့ တောင်သူအများစုဖြစ်ပါတယ်။ ရွာသူရွာသားတွေပိုင်တဲ့ လယ်နဲ့ခြံအများစုဟာ ရွာရဲ့အရှေ့တောင်ဘက်အရပ် (၇)မိုင်လောက်ဝေးတဲ့ ကျိုက်မွန်းပလော့ဘုရားသွားတောင်တက်ကားလမ်း၊ လမ်းဘေးဝဲယာတစ်လျှောက်မှာတည်ရှိပါတယ်။ အဲဒီ လယ်နဲ့ခြံတွေက ထွက်ကုန်သီးနှံတွေကိုသယ်ဖို့ အဲဒီမှာ မျဉ်းနဲ့ပြထားတဲ့ ကုန်ထုတ်လမ်း၊ ရွာသားတွေ စုပေါင်းဖောက်လုပ်ထားတဲ့ ကုန်ထုတ်လမ်းတစ်လမ်းပဲရှိပါတယ်။ မိုးကုန်ပြီဆိုရင် တောင်သူတွေစုပြီး အဲဒီလမ်းကို ပြင်ကြပါတယ်။ ဒါပေမဲ့ Slide မှာမြင်ရတဲ့ တံတား(၂)စင်းကိုတော့ ပြင်ဖို့အခက်တွေ့နေကြပါတယ်။ ပုံထဲမှာ

မြင်နေရတဲ့ချောင်းကြောင့် မိုးတွင်းဆိုလို့ရှိရင် ဟံဂံမှာနှစ်စဉ်ရေကြီးပါတယ်။ ရေကြီးရေလျှံ သက်သာစေဖို့ တူးမြောင်းတစ်ချောင်းလည်း ဖောက်ထားပါတယ်။

အဲဒီချောင်းနဲ့ တူးမြောင်းကို ဖြတ်ထိုးထားတဲ့ တံတား(၂)စင်းဟာ အခုဆိုရင် ဟောင်းနွမ်းပြီးတော့ ပြိုကျတော့မလိုဖြစ်နေပါပြီ။ ဒါက လမ်းရဲ့ဘေးတစ်ဖက်တစ်ချက်က လယ်တွေ၊ ခြံတွေရဲ့ အရေးပါပုံကို မြင်သာအောင် ဖော်ပြထားတာဖြစ်ပါတယ်။ ဒီလမ်းက (၄)မိုင်လောက်ရှိပါတယ်။ ပြီးခဲ့တဲ့ (၂)နှစ်က ဂျပန်က ကုမ္ပဏီတစ်ခုနဲ့ချိတ်ဆက်ပြီးတော့ အဲဒီတောင်ခြေမှာ ဝ ဥ စိုက်ပျိုးရေးလုပ်ငန်းတွေ စပြီးတော့လုပ်နေကြပါတယ်။ အဲဒီမှာထွက်လာတဲ့ ဝ ဥတွေကို ဂျပန်ကိုပို့ပြီးတော့ အရည်အသွေး စစ်ဆေးတဲ့အခါမှာ ဂျပန်က ပိုပြီးတော့အရည်အသွေးကောင်းလို့ ကြိုက်နှစ်သက်ပါတယ်။ ဒီတော့ အခုဆိုလို့ရှိရင် သူတို့က မျိုးမရောအောင် အဲဒီ ဝဥမျိုးတွေနဲ့ အဲဒီကုမ္ပဏီရယ်၊ ခြံသမားတွေက အသေအချာပျိုးထောင်ပြီးတော့ စိုက်ပျိုးနေကြပြီး ထွက်သလောက်ကိုလည်းပဲ အဲဒီကုမ္ပဏီက ဝယ်ပေးမယ်လို့ဆိုပါတယ်။ မနှစ်ကစပြီးတော့ ခြံစောင့်သမား(၄၀)ကျော်လောက်က အဲဒီ ဝဥမျိုးတွေကို စပြီးတော့ စိုက်ပျိုးနေကြပြီဖြစ်ပါတယ်။

ဒီပုံကတော့ မိုးကုန် အောက်တိုဘာလလောက်က ဌာနဆိုင်ရာတွေရယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေရယ် သူတို့နဲ့အတူ ဒီလမ်းနဲ့တံတားကို ကွင်းဆင်းစစ်ဆေးနေကြတဲ့ ပုံဖြစ်ပါတယ်။ အပေါ်ပုံကတော့ ဟံဂံကနေ ကျိုက်မွန်းပလေ့ဆီကိုသွားတဲ့ မြေပြင်အနေအထားဖြစ်ပါတယ်။ အောက်ပုံမှာ ထင်ထင်ရှားရှားမြင်ရတဲ့ တောင်တန်းကြီးရဲ့ အနောက် မှိန်ပြပြမြင်နေရတဲ့တောင်ကတော့ ကျိုက်မွန်းပလေ့ဆိုတဲ့ ဘုရားတည်ထားတဲ့ တောင်ဖြစ်ပါတယ်။ ဒါကတော့ တူးမြောင်းကိုဖြတ်ပြီး ဆောက်ထားတဲ့ သစ်သားတံတားဖြစ်ပါတယ်။ အချိန်မရွေး ပြိုကျနိုင်ပါတယ်။ ပုံမှာမြင်တဲ့အတိုင်း ခါးလယ်မှာနိမ့်နေပြီးတော့ ဘေးလက်ရန်းတွေကလည်း ဆွေးပြီးတော့ပြတ်နေပေမယ့်လည်း အန္တရာယ်ရှိမှန်းသိနေပေမယ့် ရွေးစရာလမ်းမရှိတော့ ဒီလမ်းတစ်လမ်းကိုပဲ ဖြတ်နေရပါတယ်။


ဒါ တံတားကို ဘေးကနေ ရိုက်ပြထားတာ ဖြစ်ပါတယ်။ အောက်မှာ ဘာကွန်ကရစ်ယက်မမှ မရှိပါဘူး။ မီးရထားသံလမ်းတွေကို အဲဒီချောင်းထဲမှာ ထောက်ထားတဲ့ တိုင်ခွေနှစ်ခုပေါ်မှာ တင်ပြီးတော့ ဟိုဘက်ဒီဘက် သွားနေကြတာဖြစ်ပါတယ်။ မိုးတွင်းမှာဆိုရင် ဒီတူးမြောင်းထဲမှာ တောင်ကျရေတွေ ပြည့်နေပါတယ်။ ပြည့်နေတဲ့အချိန်မှာများ ကားတွေပြုတ်ကျသွားမယ်ဆိုရင်လို့ရှိရင်တော့ ကျွန်တော်တို့ တွေးဝံ့စရာမရှိပါဘူး။ ဒီတံတား(၂)စင်းကို ပြုပြင်တည်ဆောက်ပေးပြီးတော့ လမ်းကို ရာသီမရွေး သွားလာနိုင်တဲ့ ကုန်ထုတ်လမ်းဖောက်ပေးမယ်ဆိုရင် ဥယျာဉ်ခြံလုပ်ငန်း၊ နိုင်ငံခြားပို့ကုန်ဖြစ်တဲ့ ဝဥနဲ့ ရာဘာလုပ်ငန်း ဒီလုပ်ငန်းတွေနဲ့အသက်မွေးနေကြတဲ့ ခြံသမား၊ လယ်သမားတစ်ထောင်ကျော်ကို များစွာအကျိုးပြုနိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် ကျိုက်မွန်းပလေ့ဘုရားတောင်ဟာ သင်္ကြန်လွန် နှစ်ဆန်း(၁)ရက်နေ့တိုင်းမှာ ပွဲတော်ရှိပါတယ်။ တောင်ခြေမှာ လာသမျှလူကို စတုဒိသာကျွေးပါတယ်။ အဲဒီအချိန်ဆိုရင် ရပ်နီးရပ်ဝေးက ပြည်သူတွေ၊ အထူးသဖြင့် မွန်လူမျိုးတွေ အတော်များများလာပြီးတော့ ဒီတောင်ကို လာတက်ကြပါတယ်။ ဒီလမ်းကောင်းသွားမယ်ဆိုရင် သဘာဝတောလမ်းခရီးနဲ့ တောင်တက်ရတာ နှစ်ခြိုက်သဘောတွေ့ကြတဲ့ သူတွေဟာလည်းပဲ တောင်ခြေကို အချိန်မရွေးရောက်လာနိုင်မှာဖြစ်တဲ့

အတွက်ကြောင့် ခရီးသွားလုပ်ငန်းလည်းဖွံ့ဖြိုးပြီးတော့ ဒေသခံတွေ ဝင်ငွေတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံတွေရဲ့ လူမှုရေး၊ စီးပွားရေးနဲ့ ဘာသာရေးတို့နဲ့ပါ အကျိုးဝင်သက်ဆိုင်နေတဲ့ ဒီ ကျိုက်မွန်းပလော့သွား တံတားပေါ်က လမ်းနဲ့တံတားပေါ့။ ဒီလမ်းပေါ်မှာ၊ လမ်းမပြင်သေးနိုင်ရင်လည်း တံတား(၂)စင်းကို ပြုပြင်တည်ဆောက်ပေးလိုက်မယ်ဆိုရင် ဒေသခံတောင်သူတွေနဲ့ ဟံဂံ ကျေးရွာအနီးတဝိုက်က ကျေးရွာသူ၊ ကျေးရွာသားတွေလည်းပဲ အင်မတန်ကျေးဇူးတင်မဆုံးဖြစ်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကျိုက်မွန်းပလော့ဘုရားဆိုတာက ကျွန်တော်တို့ ရေးမြို့နယ်တစ်မြို့နယ်လုံးက ပြည်သူတွေအကုန်လုံးက သိနေတဲ့ဘုရားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လာမယ့်ဘဏ္ဍာရေးနှစ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဒီတံတားနဲ့လမ်းကို တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံများရဲ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လိုအပ်လျက်ရှိသော ကုန်ထုတ်တံတား (၂)စင်း မြင်ကွင်းပုံ (မ)




အန္တရာယ် ရှိသည့် တူးမြောင်းဖြတ်တံတား မြင်ကွင်းပုံ (မ-၁)



မီးရထားသံလမ်းအား ကိုယ်ထူကိုယ်ထ ပြုတ်မကျအောင် ထိုးထားသောတံတား မြင်ကွင်းပုံ (မ-၂)




**ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ကုန်သွယ်ပေါက်သို့ ဆက်စပ်ပေးမည့် ကော့ကရိတ် - ဘားအံ လမ်းပိုင်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ကုန်သွယ်ပေါက်သို့ ဆက်စပ်ပေးမည့် ကော့ကရိတ် - ဘားအံ လမ်းပိုင်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ၏ နယ်စပ်ကုန်သွယ်ပေါက်တစ်ခုဖြစ်သော ဘားအံ - ကော့ကရိတ်-မြဝတီလမ်းပိုင်းနဲ့ စပ်လျဉ်းပြီး မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၉ - ၁၁ - ၂၀၁၈ ရက်ပဉ္စမနေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့တို့က မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းတစ်လျှောက်ရှိ မြို့များ ဖွံ့ဖြိုးမှုစီမံကိန်းဆောင်ရွက်ရန်အတွက် ထိုင်းနိုင်ငံ (NEDA)ထံမှ အမေရိကန်ဒေါ်လာ(၂၄.၃)သန်း ရယူရန်ကိစ္စကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးခဲ့ပါတယ်။ အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ မြဝတီနဲ့ ကော့ကရိတ်လမ်းပိုင်းကို ယခင်အစိုးရလက်ထက်တွင် အပြီးသတ်ဆောင်ရွက်ခဲ့သဖြင့် ဆက်သွယ်သွားလာရေး ဖြန့်ဖြူးလျက်ရှိနေတာကို တွေ့ရှိရပါတယ်။ ဤစီမံကိန်း အကောင်အထည်ဖော်ပြီးစီးပါက ဖွံ့ဖြိုးတိုးတက်မှုပေါ်ပေါက်လာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြဝတီဖွံ့ဖြိုးတိုးတက်လာသော်လည်း ၎င်းနဲ့ဆက်စပ်နေသော ဆက်သွယ်ရေးလမ်းပိုင်းများ၊ စိတ်ပျက်ဖွယ်ရာ မြင်တွေ့နေရပါတယ်။ ၅ - ၁၁ - ၂၀၁၈ ရက်နေ့မှ ၁၂ - ၁၁ - ၂၀၁၈ ရက်နေ့အထိ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ လွှတ်တော်နားရက် ကွင်းဆင်းခရီးစဉ်တွေမှာ ကရင်ပြည်နယ်သို့ရောက်ရှိခဲ့ပါတယ်။ ကော့ကရိတ် - မြဝတီသို့ ဆက်စပ်ပေးသည့် ဘားအံ - ကော့ကရိတ်လမ်းပိုင်းကို ဒေသခံများကန့်ကွက်မှုကြောင့် မဆောင်ရွက်နိုင်ကြောင်း သိရှိရပါတယ်။ အမှန်တကယ် ကန့်ကွက်ခဲ့သူများမှာ လုပ်ငန်းရှင်အချို့နဲ့ နောက်လိုက်ပါ အယောက်(၁၀၀) ထက်မပိုသော သူများပင်ဖြစ်နေပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးစီးပွားအတွက် လူနည်းစုထက် (၅၂)သန်းသော ပြည်သူများအရေးကို ဦးစားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဤလမ်းပိုင်းကြီးကို တစ်ဆက်တစ်စပ်တည်းကောင်းမွန်ခဲ့ပါက ကျွန်တော်တို့နိုင်ငံ၏ နယ်စပ်ကုန်သွယ်ပေါက်တစ်ခု ဖွံ့ဖြိုးတိုးတက်လာစေမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းပိုင်းကြီးကို အဆင့်မြှင့်တင်ပေးနိုင်ဖို့ ဝန်ကြီးဌာနက ဘယ်လိုအစီအစဉ်နဲ့ဆောင်ရွက်မယ်ဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့၏ ကရင်ပြည်နယ်ကွင်းဆင်းခရီးစဉ်မှာ ကြုံတွေ့ခဲ့ရသော နိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးစီးပွားကို အထောက်အကူပေးနိုင်မည့် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ နိုင်ငံတော်အစိုးရမှ ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ကုန်သွယ်ပေါက်သို့ ဆက်သွယ်ပေးမည့် ဘားအံ - ကော့ကရိတ် လမ်းပိုင်းကို အဆင့်မြှင့်တင်ပေးရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားပါသနည်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုနှောင့်နှေးစေရန် ဆူပူကန့်ကွက်မှုများပေါ်ပေါက်လာအောင် သွေးထိုးလှုံ့ဆော်ပေးသည့်ဖြစ်စဉ်များ စိစစ်ဖော်ထုတ်ပြီး အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ ကမ်းနားလမ်းနှင့် ယင်းလမ်းပေါ်ရှိ တုတ်ချောင်းတံတား၊ ဘုံကျောင်းတံတား၊ သစ်ချိုကုန်းရပ် ချောင်းကူးတံတားတို့အား အရည်အသွေးမီ ကွန်ကရစ်လမ်းခင်းပေးရန်နှင့် အဆင့်မီသံကူကွန်ကရစ်တံတားများ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းက မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ ကမ်းနားလမ်းနှင့် ယင်းလမ်းပေါ်ရှိ တုတ်ချောင်းတံတား၊ ဘုံကျောင်းတံတား၊ သစ်ချိုကုန်းရပ် ချောင်းကူးတံတားတို့အား အရည်အသွေးမီ ကွန်ကရစ်လမ်းခင်းပေးရန်နှင့် အဆင့်မီသံကူကွန်ကရစ်တံတားများ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြအမှတ်အသား မေးခွန်းအတွက် Power Point အသုံးပြုပါရစေ။

မင်းဘူးမြို့ဟာ ဧရာဝတီမြစ်အနောက်ဘက် ကမ်းနံဘေးမှာတည်ရှိပြီးတော့ မြစ်နှင့်အပြိုင် အလျားလိုက်တည်ရှိပါတယ်။ ကမ်းနားလမ်းကြီးဟာ စစ်မဖြစ်ခင်မှာတည်ဆောက်ခဲ့သော ကတ္တရာ လမ်းကြီးဖြစ်ကြောင်း၊ ယခင်က အဆိုပါလမ်းကြီးဟာ မင်းဘူးမြို့တောင်ဖျား သင်္ဘောကူးတို့ဆိပ်မှ မြောက်သစ်ချိုကုန်းရပ်အထိ ပေပေါင်း(၅၀၀၀)ခန့်ရှည်ကြောင်း၊ လမ်းမကြီးပေါ်တွင် အခုရွှေ့ပြောင်း သွားတဲ့ ဈေးတောင်ဘက်တုတ်ချောင်းတံတားကြီး၊ ဈေးမြောက်ဘက်ဘုံကျောင်းတံတားကြီးနှင့် သစ်ချို ကုန်းရပ် ချောင်းကူးတံတားအလတ်ဟူ၍ တံတား(၃)ခုတည်ရှိကြောင်း၊ ဖော်ပြပါ ကမ်းနားလမ်းနှင့် တံတားများမှာ စစ်ပြီးခေတ်နောက်ပိုင်းတွင် ပြုပြင်ဆောင်ရွက်မှုမရှိခဲ့ခြင်းနှင့် နှစ်စဉ်ရေလွှမ်းခံရခြင်း များကြောင့် ပျက်စီးချို့ယွင်းခဲ့ကြောင်း၊ တံတား(၃)ခုအနက် ဈေးတောင်ဘက်တံတားကြီးအား ၁၉၆၈- ၁၉၆၉ ခုနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေကျပ်(၃၃၀၀၀)ဖြင့် စတင်တည်ဆောက်ခဲ့ရာ ၎င်းနှစ်တွင် မပြီးစီးခဲ့သဖြင့် ၁၉၆၉ - ၁၉၇၀ ပြည့်နှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ်ငွေ (၁၂၀၀၀)ဖြင့် ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်းမှ ဆက်လက်လုပ်ကိုင်ခဲ့ကြောင်း၊ ကျန်တံတား(၂)ခုအား နောက်နှစ်များတွင် ဆက်လက်၍ ရန်ပုံငွေတောင်းခံပြီး ပြုပြင်တည်ဆောက်ရန်စီစဉ်ခဲ့ကြောင်း၊ အဆိုပါ ကမ်းနားလမ်းမကြီးအား ၁၉၁၁ ခုနှစ်က မင်းဘူးမြို့ သူဌေးကုန်းရပ် ကမ်းနားလမ်းမှာမွေးဖွားပြီးတော့ ၁၉၄၁ ခုနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်း က ဂျပန်ပြည်ကို စစ်ပညာသင် ပထမအသုတ်စေလွှတ်ခဲ့တဲ့ သခင်ဘဂျမ်း(ခေါ်) ဗိုလ်မှူးလရောင်ကို ဂုဏ်ပြုတဲ့အနေနဲ့ ကမ်းနားလမ်းကို ဗိုလ်မှူးလရောင် အထိမ်းအမှတ်လမ်းအဖြစ် အမည်တပ်ဆင်ခေါ်ဝေါ်သုံးစွဲရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ပေ(၅၀၀၀)ခန့် ရှည်လျားတဲ့လမ်းအတွက် ကတ္တရာလမ်းအဖြစ် ပြုပြင်တည်ဆောက်ရန်နှင့် တံတား(၂)ခုအား ပြန်လည် တည်ဆောက်ရန်တို့အတွက် ၁၉၇၀ - ၁၉၇၁ ခုနှစ် ငွေလုံးငွေရင်းရန်ပုံငွေအသုံးစရိတ်တွင် ထည့်သွင်း တောင်းခံ၍ ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်းကို မင်းဘူးမြို့ မြူနီစီပါယ်အဖွဲ့၊ အုပ်ချုပ်ရေးမှူးက ၂၆ - ၁ - ၁၉၇၀ နေ့စွဲပါ စာအမှတ်၊ ၃၇၄/၃၇၈/တက မြူနီစီပါယ်ဌာန၊ မင်းဘူးမြို့ဖြင့် အတွင်းဝန် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များဝန်ကြီးဌာန၊ ရန်ကုန်မြို့ထံ မင်းဘူးမြို့ဈေး အရှေ့ဘက်ပတ်လမ်းနှင့် ဈေးမြောက်ဘက်တုတ်ချောင်းတံတားပျက်စီးနေ၍ ပြုပြင်ပေးရန်ကိစ္စဟု အစီရင်ခံခဲ့တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

၁၉၆၈ - ၁၉၆၉ ခုနှစ်မှ ယနေ့ ၂၀၁၉ ခုနှစ်အထိ နှစ်ပေါင်း(၅၀)ခန့် ခေတ်အဆက်ဆက် ဖြတ်သန်းကြာမြင့်လာသည့်တိုင် မင်းဘူးမြို့ကမ်းနားလမ်းမကြီးသည် ကောင်းမွန်လာခဲ့ခြင်းမရှိတော့ဘဲ ယခုအခါမှာ လုံးဝသုံးမရတဲ့ အခြေအနေအထိရောက်ရှိနေတာကို တင်ပြခဲ့တဲ့ဓာတ်ပုံမှတ်တမ်းများမှာ မြင်တွေ့ရမှာဖြစ်ပါတယ်။ လမ်းကလည်း ပျောက်သလောက်နီးပါးဖြစ်နေပါပြီ။ မင်းဘူးမြို့ဟာ တောင် မြောက်ရှည်လျားတဲ့ မြို့အနေအထားဖြစ်ပြီးတော့ မင်းလှလမ်း၊ မင်းဘူး - စကုလမ်းတို့နဲ့အပြိုင် မြို့ပတ်လမ်း ကမ်းနားလမ်းမကြီးအဖြစ် တည်ဆောက်ပေးမှသာလျှင် မြို့လူထုအတွက် အသုံးဝင်တန်ဖိုး ရှိပြီး မြို့သာယာလှပနိုင်မှာဖြစ်တဲ့အတွက် မလွဲမသွေ ကွန်ကရစ်လမ်းနှင့် သံကူကွန်ကရစ်တံတားများ အမြန်တည်ဆောက်ပေးရန် အထူးလိုအပ်လျက်ရှိပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုတာက မင်းဘူးမြို့ ကမ်းနားလမ်း အမှတ်(၁)ရပ်ကွက်၊ ပန်းခြံလမ်းအရှေ့ဘက်ထိပ်မှ အမှတ်(၄)ရပ်ကွက်၊ ရေလဲပေါက်၊ သစ်ချိုကုန်းရပ်၊ ဆင်ခေါင်းလမ်းထိပ်အထိနှင့် လမ်းပေါ်ရှိ တုတ်ချောင်းတံတား၊ ဘုံချောင်းတံတား၊ သစ်ချိုကုန်းရပ် ချောင်းကူးတံတားတို့အား အရည်အသွေးမီ ကွန်ကရစ်လမ်းနှင့် အဆင့်မီသံကူကွန်ကရစ်တံတားများ တည်ဆောက်ခင်းပေးနိုင်ခြင်း ရှိ/မရှိနဲ့ တည်ဆောက်ခင်းပေးနိုင်ပါက မည်သည့်အချိန်အတွင်း အပြီး ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ပျက်စီးနေသော တုတ်ချောင်းတံတား မြင်ကွင်းပုံ (ယ)



ပျက်စီးနေသော ဘုံချောင်းတံတား မြင်ကွင်းပုံ (ယ-၁)



ပျက်စီးနေသော သစ်ချိုကုန်းချောင်းကူးတံတား မြင်ကွင်းပုံ (ယ-၂)



**ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့၊ ထန်းတပင်ကျေးရွာအုပ်စု၊ မဲသပုံကျေးရွာနှင့် ကွီးကျယ်ကျေးရွာ၊ ကွီးကျယ်ရေတံခွန်သို့သွားသည့်လမ်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေသားအမာခံလမ်း (၂)မိုင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေးက ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့၊ ထန်းတပင်ကျေးရွာအုပ်စု၊ မဲသပုံကျေးရွာနှင့် ကွီးကျယ်ကျေးရွာ၊ ကွီးကျယ်ရေတံခွန်သို့သွားသည့်လမ်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေသားအမာခံလမ်း (၂)မိုင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နန်းမိုးမိုးထွေး ဖြစ်ပါတယ်ရှင်။ ဒီနေ့ ကျွန်မ အမျိုးသားလွှတ်တော်မှာ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်မတို့ရဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့၊ ထန်းတပင်ကျေးရွာအုပ်စု၊ မဲသပုံကျေးရွာနှင့် ကွီးကျယ်ကျေးရွာကြားမှာရှိတဲ့ ကွီးကျယ်ရေတံခွန်ကိုသွားတဲ့လမ်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ မြေသားအမာခံလမ်း (၂)မိုင် ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်က သဘာဝတောတောင်၊ ရေမြေတွေနဲ့ စိမ့်စမ်းရေတံခွန်တွေ ပေါများလှပြီးတော့မှ သာယာလှပတဲ့ မြို့နယ်လေးတစ်မြို့ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်တွင်းစစ်ကြောင့် စစ်ဘေးဒဏ်အလူးအလဲခံရတဲ့ မြို့နယ်ဆိုရင်လည်း မမှားပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့ စစ်ဘေးဒဏ်အလူးအလဲခံရတဲ့အတွက် ဒီသာယာလှပတဲ့ တောတောင် ရေမြေသဘာဝတွေက လူမသိ၊ သူမသိနဲ့ သိမ်ငယ်ပြီးတော့မှ ပုန်းခိုနေခဲ့ရတာဖြစ်ပါတယ်။ ယခုအခါမှာ နယ်

မြေအေးချမ်းလာတာနဲ့အမျှ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာပြီး သဘာဝတောတောင်၊ ရေတံခွန်တွေကို လူသိများလာပြီးတော့ ခရီးသွားဧည့်သည်တွေ အများအပြား လာရောက်လည်ပတ်လျက်ရှိကြပါတယ်။

ခရီးသွားဧည့်သည်တွေ အများအပြားလာရောက်လျက်ရှိတဲ့ ကျုံထော်ရေတံခွန်တို့၊ ပလေကြေတိုရေတံခွန်တို့မှာတော့ ကတ္တရာလမ်းနဲ့ လွယ်ကူချောမွေ့စွာသွားလာနိုင်ပြီဖြစ်ပါတယ်။ ကွီးကျယ်ရေတံခွန်မှာတော့ ကတ္တရာလမ်းနဲ့ (၄)မိုင်ခန့်ကွာဝေးပါတယ်။ (၄)မိုင်ထဲက (၂)မိုင်ကတော့ ကျေးလက်လမ်းတံတားဦးစီးဌာနကနေပြီးတော့ (၂)မိုင် မြေသားအမာခံလမ်းဖောက်လုပ်ပေးပြီးတော့ ကျန်ရှိတဲ့(၂)မိုင်က ဒေသခံတွေသွားလာနေတဲ့ လှည်းလမ်းသာသာ လမ်းလေးပဲဖြစ်ပါတယ်။ ဒီလမ်းဟာ ဒေသခံတွေ အဓိက အားထားရတဲ့လမ်းဖြစ်သလို ခရီးသွားဧည့်သည်တွေ အဓိက အားထားရတဲ့ လမ်းလည်းဖြစ်ပါတယ်။ ဒေသခံနဲ့ ခရီးသွားဧည့်သည်တွေ အလွယ်တကူသွားလာနိုင်ဖို့အတွက် ဒီလမ်းကို တင်ပြတောင်းဆိုရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်။ ဒါကတော့ ကွီးကျယ်ရေတံခွန်ရဲ့ သဘာဝအလှလေးဖြစ်ပါတယ်။ ဒါလည်း လက်ရှိ ကွီးကျယ်ရေတံခွန်ရဲ့ သဘာဝ အလှလေးဖြစ်ပါတယ်။ ဒါက ခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်ပြီးတော့မှ အပန်းဖြေကြတာ ဖြစ်ပါတယ်။ ဒါကတော့ နိုဝင်ဘာလမှာ တအားရေစီးသန်တဲ့ပုံလေးကို ပြချင်တာဖြစ်ပါတယ်။ ဒါလည်း ကျွန်မတို့ ခရီးသွားဧည့်သည်တွေပျော်ပျော်နော်  လာရောက်လည်ပတ်တဲ့ နေရာလေးတွေဖြစ်ပါတယ်။ ဒါက ပြီးခဲ့တဲ့ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ (၁၅)ပေ တံတားလေး ဆောင်ရွက်ပေးထားတာဖြစ်ပါတယ်။ ဒါကတော့ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ဒီနှစ်မှာ လည်း (၁၅)ပေတံတားလေး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်မအခု တောင်းဆိုနေတဲ့ မဲသပုံကျေးရွာထိပ်ကနေပြီးတော့ ဆက်သွားရမယ့် လမ်းအစဖြစ်ပါတယ်။ ဒါကလည်း လှည်းလမ်း သာသာလမ်းလေးနဲ့ သွားရတဲ့လမ်းလေးဖြစ်ပါတယ်။ ဒါက ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့မှ ဒီရိုးဟောင်းကို ပြန်ပြီးတူးဖော်တဲ့အခါမှာ ဒီလမ်းလေးဟာ ချောင်းလိုဖြစ်သွားတဲ့အတွက် ဒီလမ်းမှာ ပေ(၃၀)တံတားလေးတစ်စင်း လိုအပ်နေတာကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ရဲ့ ကရင်ပြည်နယ်ဝန်ကြီးချုပ်ရဲ့ ၅ - ၅ - ၂၀၁၈ ရက်နေ့ ခရီးစဉ်မှာတုန်းက ကွီးကျယ်ကိုသွားခဲ့တဲ့ခရီးစဉ်မှာ ကရင်ဝတ်စုံဝတ်ထားတဲ့ ကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးမှူးကိုယ်တိုင်က ဒီလမ်းကိုဆောင်ရွက်ပေးဖို့ အတွက် တင်ပြခဲ့တဲ့ပုံလေးကို ပြချင်တာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ခရီးသွားဧည့်သည်တွေနဲ့ ဒေသခံတွေ လွယ်ကူ ချောမွေ့စွာသွားလာနိုင်ဖို့အတွက် ကျန်ရှိနေတဲ့ အမာခံမြေသားလမ်း(၂)မိုင်နဲ့ ခုနက ကျွန်မပြထားတဲ့ ဒီပေ(၃၀)တံတားလေးကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းလေးကို လေးစားစွာ မေးမြန်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

ကွီးကျယ်ရေတံခွန်၏ သဘာဝအလှအပ မြင်ကွင်းပုံ (ရ)




လှည်းလမ်း သာသာသွားရသည့် လမ်းလေး၏ မြင်ကွင်းပုံ (ရ-၁)



ပေ(၃၀)တံတားတစ်စင်း လိုအပ်နေခြင်း ပြပုံ (ရ-၂)



**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း မေးမြန်းထားတဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဟံဂံကျေးရွာမှ ကျိုက်မွန်းပလော့တောင်ခြေတွင်ရှိသော ဥယျာဉ်သီးနှံခြံမြေနှင့် ၎င်းလမ်းတွင် လယ်ကွင်းများမှ ထွက်ရှိသော လယ်ယာ၊ ဥယျာဉ်ထွက်ကုန်သီးနှံများကို သယ်ယူပို့ဆောင်ပေးနိုင်မည့် ကုန်ထုတ်ကျောက်ချောလမ်းနှင့် တံတားများအား တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ လမ်းသည် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဟံဂံကျေးရွာမှ (၆)မိုင်ခန့်အကွာတွင်ရှိသော ကျိုက်မွန်းပလော့ ဘုရားသို့ဆက်သွယ်ထားတဲ့ ကုန်ထုတ်လမ်းဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေကတော့ လမ်းအရှည်က (၆)မိုင်ရှိတဲ့အနက်မှာ (၁)မိုင်(၄)ဖာလုံက လမ်းအကျယ်(၁၀)ပေခန့်သာရှိပြီးတော့ ကျန်(၄)မိုင် (၄)ဖာလုံကတော့ လမ်းအကျယ် ပေ(၃၀)ခန့်ရှိတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းသည် ကျေးလက်ကုန်ထုတ်လမ်းဖြစ်တဲ့အတွက် တံတား(၂)စင်းကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ တံတား(၂)စင်းကို ပေ(၁၀၀ x ၂၀) ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပေးရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် မေးမြန်းထားတဲ့ ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ကုန်သွယ်ပေါက်သို့ ဆက်စပ်ပေးမည့် ကော့ကရိတ် - ဘားအံ လမ်းပိုင်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ အချက်အလက်များနဲ့ ပေါင်းစပ်ပြီးတော့ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြဝတီနယ်စပ်ကုန်သွယ်ပေါက်သို့ ဆက်စပ်ပေးမည့် ကော့ကရိတ် - ဘားအံလမ်းပိုင်းသည် ဗီယက်နမ်နိုင်ငံ၊ ဒါနမ်းမြို့မှစတင်၍ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို ဖြတ်ကျော်ပြီးတော့ မြန်မာနိုင်ငံအတွင်း မြဝတီမြို့၊ ဘားအံ ၊ ကျိုက်ထိုတို့ကိုဖြတ်၍ ရန်ကုန်မြို့ သီလဝါစက်မှုဇုန်တွင်အဆုံးသတ်မည့် East - West Economic Corridor ပေါ်မှ လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါ East - West Economic Corridor သည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ်ပေးမည့် အဓိကကုန်သွယ်ရေးလမ်းကြောင်းဖြစ်သဖြင့် ဒေသတွင်းနိုင်ငံများရဲ့ တိုးတက်ဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးကြီးသောကြောင့် ADB မှ ချေးငွေထောက်ပံ့မှုများပြုလုပ်၍ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့တဲ့နေရာမှာ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံအပိုင်းနဲ့ ထိုင်းနိုင်ငံ အပိုင်းတို့ကို ADB ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပြီးတော့ မြန်မာနိုင်ငံ အပိုင်းမှာတော့ မြဝတီကနေ ကော့ကရိတ်လမ်းပိုင်းကို ထိုင်းနိုင်ငံအစိုးရအကူအညီနဲ့ အဆင့်မြှင့်တင် ခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါအပိုင်းရဲ့ အဓိက Missing Link ဖြစ်နေတဲ့ အိန္ဒုနဲ့ ကော့ကရိတ်ကြား (၆၆.၄၅)ကီလိုမီတာအပိုင်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပြီးလို့ရှိရင်တော့ East - West Economic Corridor ရဲ့ မြန်မာနိုင်ငံအပိုင်းသည် Asian Highway Class 2 အဆင့်ရောက်ရှိမှာဖြစ်ပြီးတော့ Cross Border Transport Agreement စာချုပ်အသက်ဝင်လာတဲ့အချိန်မှာတော့ အဆိုပါ (၄)နိုင်ငံအကြားမှာ တိုက်ရိုက်ကုန်သွယ်မှုတွေ၊ လုပ်ငန်းတွေ စတင်နိုင်တော့မှာဖြစ်ပါတယ်။ ထို့ကြောင့် East -West လမ်းပေါ်မှာရှိတဲ့ Missing Link အပိုင်းဖြစ်တဲ့ အိန္ဒုနဲ့ ကော့ကရိတ်အကြား (၆၆.၄၅)ကီလိုမီတာ အရှည်ရှိတဲ့လမ်းပိုင်းကို ADB ချေးငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလုပ်ငန်းအတွက် International Tender ခေါ်ယူခဲ့တဲ့နေရာမှာ International ကုမ္ပဏီကြီးများဖြစ်တဲ့ PEC နဲ့ KEC တို့ Consultant အနေဖြင့် တင်ဒါအောင်မြင်၍ CRBC - China Road and Bridge Corporation ကုမ္ပဏီက လုပ်ငန်း၏ Contractor အနေဖြင့် တင်ဒါအောင်မြင်ခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်ကစပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းများစတင်ဆောင်ရွက်ချိန်မှာ ကန်ထရိုက်တာကုမ္ပဏီမှ အဆိုပါ ဒေသအတွင်း ငြိမ်းချမ်းရေးရယူထားတဲ့ အဖွဲ့အစည်းတစ်ခုနဲ့ စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းခွင်နဲ့အနီးဆုံးနေရာမှာရှိတဲ့ လွန်းညတောင်မှ ကျောက်များကို ထုတ်ယူပြီးတော့ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ပါတယ်။ လွန်းညတောင်မှာ လုပ်ငန်းများစတင်ဆောင်ရွက်စဉ်မှာပဲ ဒေသခံရွာသူရွာသားများရဲ့ ကန့်ကွက်ဆန္ဒပြမှုများနဲ့ တွေ့ကြုံရပြီးတော့ လုပ်ငန်းရပ်ဆိုင်းခဲ့ရပါတယ်။

အဆိုပါကန့်ကွက်မှုသည် ဖိလစ်ပိုင်နိုင်ငံ ADB ဌာနချုပ်ထိရောက်ရှိပြီးတော့ အဆိုပါ ADB ဌာနချုပ်ကနေပြီးတော့ လွန်းညဒေသမှ ကျောက်များကို ထုတ်ယူသုံးစွဲခြင်းမပြုဖို့နှင့် အခြားကျောက်မိုင်းများကိုရှာဖွေသုံးစွဲဖို့ အကြောင်းကြားစာကို ပေးပို့လာခဲ့ပါတယ်။ လုပ်ငန်းများရပ်ဆိုင်းသွားခြင်းကြောင့် ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ဖြစ်ပေါ်လာတဲ့အတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ်ကနေပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခြေအနေတင်ပြခဲ့ပါတယ်။ လမ်းညွှန်မှုအရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးတို့သည် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့ရှိ ADB ဌာနချုပ်ကို စာရေးသားပေးပို့ပြီးတော့ လွန်းညဒေသမှ ဒေသခံများ၊ ပြည်သူများနဲ့

ပြေလည်မှုရရှိသွားပြီဖြစ်၍လည်းကောင်း၊ အဆိုပါ လွန်းညကျောက်တောင်မှ ကျောက်ထုတ်ရန်အတွက် ECC-Environmental Compliance Certificate ရပြီးဖြစ်၍လည်းကောင်း၊ လွန်းညဒေသမှ ကျောက်ကို ဆက်လက်သုံးစွဲခွင့်ပြုပေးဖို့နဲ့ စီမံကိန်းလုပ်ငန်းခွင် အမြန်စတင်ခွင့်ပြုဖို့အတွက် ညှိနှိုင်းအကြောင်းကြားခဲ့ပါတယ်။ သို့သော်လည်းပဲ ADB ဌာနချုပ်ကနေပြီးတော့ လွန်းညကျောက်ကိုတော့ လုံးဝသုံးစွဲခြင်းမပြုပါကြောင်းနဲ့ အခြားကျောက်မိုင်းများကိုသာလျှင် ရှာဖွေသုံးစွဲဖို့အတွက် ၂၄-၇-၂၀၁၈ ရက်စွဲဖြင့် အကြောင်းပြန်ကြားလာခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ကရင်ပြည်နယ် အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပူးပေါင်းပြီးတော့ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ အရည်အသွေးမြင့်ကျောက်များကို ဆက်လက်ရှာဖွေခဲ့တဲ့နေရာမှာ လက်ရှိလုပ်ငန်းခွင်မှ (၃၅)ကီလိုမီတာ ဝေးတဲ့ စံဖရီးကျောက်မိုင်းမှ ကျောက်များသည် အရည်အသွေးမီကြောင်းတွေ့ရှိရတဲ့အတွက် အဆိုပါကျောက်နမူနာများကို ပြည်တွင်းမှာစာတ်ခွဲ၍လည်းကောင်း၊ ပြည်ပကို ဓာတ်ခွဲစမ်းသပ်၍လည်းကောင်း၊ စမ်းသပ်တဲ့အခါမှာ ယခုအခါ စံချိန်မီတဲ့အဖြေကို ရရှိထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါကျောက်မိုင်းက ကျောက်ထုတ်လုပ်ခွင့်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ECC Certificate ထုတ်ပေးဖို့ လျှောက်ထားခဲ့ပါတယ်။

ဒီမေးခွန်းဖြေဖို့အတွက် ပြီးခဲ့တဲ့ သောကြာ၊ စနေ၊ တနင်္ဂနွေ(၃)ရက်ကို ဘားအံ၊ ကော့ကရိတ်၊ မြဝတီမြို့များကို သွားရောက်ခဲ့ပြီးတော့ ကရင်ပြည်နယ်အစိုးရအဖွဲ့နဲ့လည်းကောင်း၊ ADB တာဝန်ရှိသူများနဲ့လည်းကောင်း၊ Consultant Contractor အဖွဲ့များ၊ နောက် ဒေသခံပြည်သူလူထုနဲ့လည်းကောင်း၊ နောက် ဒေသခံလွှတ်တော်ကိုယ်စားလှယ်အချို့နဲ့လည်းကောင်း တွေ့ရှိပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးညှိနှိုင်းချက်အရ Stakeholder Meeting ကိုလည်း အဲဒီနေ့မှာ တစ်ပါတည်း အထူးပြုလုပ်ခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဒီနေ့မနက်လည်း ထပ်မေးလိုက်ပါသေးတယ်။ မေးလိုက်တဲ့အတွက်ကြောင့်မို့ သက်ဆိုင်ရာဝန်ကြီးဌာနက ECC Certificate ကို သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တစ်ပတ်အတွင်း ထုတ်ပေးနိုင်တော့မယ်ဆိုတဲ့ သတင်းရရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းတွေအားလုံးကို တစ်ပတ်အတွင်းမှာပဲ လုပ်ငန်းအားလုံးကို အရှိန်အဟုန်ဖြင့် ပြန်လည်စတင်သွားဖို့အတွက် ပြီးခဲ့တဲ့ (၃)ရက်အတွင်းမှာ လုပ်ငန်းညှိနှိုင်းထားရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်ပြီးတော့မှ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရေး East-West Economic Corridor ကြီး အမြန်ဆုံးစတင်နိုင်တော့မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ ကမ်းနားလမ်းနှင့် ယင်းလမ်းပေါ်ရှိ တုတ်ချောင်းတံတား၊ ဘုံကျောင်းတံတား၊ သစ်ချိုကုန်းရပ်ချောင်းကူးတံတားတို့အား အရည်အသွေးမီ ကွန်ကရစ်လမ်းခင်းပေးရန်နှင့်

အဆင့်မီသံကူကွန်ကရစ်တံတားများ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့လမ်းပိုင်းသည် မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်တဲ့လမ်းပိုင်း ဖြစ်ပါတယ်။ ယခု မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာကတော့ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ စည်ပင်သာယာရေးလုပ်ငန်းများကို မကွေးတိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းတိုင်ပင်ပြီး အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မင်းဘူးမြို့အနေဖြင့် ကမ်းနားလမ်းမှာ နှစ်စဉ် ရေမြုပ်သော လမ်းတစ်လမ်းဖြစ်ပြီး ပြည်သူများသွားလာမှုအဆင်ပြေစေရန်အတွက် ကမ်းနားလမ်း၏အပေါ်ဘက် လမ်း အနီးဆုံးလမ်းဖြစ်တဲ့အလယ်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက် ပေးလျက်ရှိပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ အဲဒီအလယ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ငွေကျပ် (၁၄၀.၅)သန်းဖြင့် အရှည် (၃၂၀၀)ပေကို ဆောင်ရွက်ပေးသွားမှာဖြစ်သည့်အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း အလယ်လမ်းပိုင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း အရှည် (၇၀၀)ပေကို ကျပ်(၃၀.၈၀)သန်းဖြင့် အပြီးသတ်ဆောင်ရွက်ပေးရန် လျာထားသတ်မှတ်ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ မင်းဘူးမြို့၊ ကမ်းနားလမ်း အမှတ်(၁)ရပ်ကွက် ပန်းခြံလမ်းအရှေ့ဘက်ထိပ်မှ အမှတ်(၄)ရပ်ကွက် ရေလဲပေါက်၊ သစ်ချိုကုန်းရပ်၊ ဆင်ခေါင်းလမ်းထိပ်နဲ့ ယင်းလမ်းပေါ်ရှိ တုတ်ချောင်းတံတား၊ ဘုံချောင်း တံတား၊ သစ်ချိုကုန်းရပ် ချောင်းကူးတံတားတို့ကို အရည်အသွေးမီ ကွန်ကရစ်လမ်း အဆင့်မီသံကူ ကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းများမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ကရင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေး မေးမြန်း ထားတဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့၊ ထန်းတပင်ကျေးရွာအုပ်စု၊ မဲသပုံကျေးရွာနှင့် ကွီးကျယ်ကျေးရွာ၊ ကွီးကျယ်ရေတံခွန်သို့သွားသည့်လမ်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေသား အမာခံလမ်း (၂)မိုင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ကရင်ပြည်နယ် အစိုးရအဖွဲ့မှပေးပို့လာတဲ့ အချက်အလက်များနဲ့ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့၊ ထန်းတပင်ကျေးရွာအုပ်စုအတွင်းရှိ ထန်းတပင်၊ မဲသပုံ၊ ကွီးကျယ်ကျေးရွာချင်းဆက်လမ်း၏ အရှည်မှာ (၄)မိုင်(၂)ဖာလုံ ရှိပြီးတော့ ထန်းတပင်ကျေးရွာမှ မဲသပုံကျေးရွာအထိ (၂) မိုင်နှင့် မဲသပုံကျေးရွာမှ ကွီးကျယ်ကျေးရွာအထိ (၂)မိုင် (၂)ဖာလုံတို့မှာ ကွီးကျယ်ရေတံခွန်သို့ သွားတဲ့လမ်းဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point မှာ မြေပုံဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ထန်းတပင်ကျေးရွာမှ မဲသပုံကျေးရွာထိ ကျေးလက်လမ်းအရှည် (၂)မိုင်အား

ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်တဲ့ လမ်းပိုင်းဖြစ်ပြီးတော့ မဲသပုံကျေးရွာမှ ကွီးကျယ်ကျေးရွာအထိ (၂)မိုင် (၂)ဖာလုံကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်တဲ့လမ်းပိုင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေကတော့ ထန်းတပင်ကျေးရွာမှ မဲသပုံကျေးရွာအထိ ကျေးလက်လမ်းအရှည် (၂)မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမာခံမြေသားလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်ပြီးတော့ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် စီမံကိန်းလျာထားပြီးဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ မဲသပုံ - ကွီးကျယ် (၂)မိုင် (၂)ဖာလုံ ဆက်လက်ဆောင်ရွက်ပြီးပါက ကျေးရွာ(၄)ရွာ၊ အိမ်ခြေ (၄၂၅)အိမ်၊ လူဦးရေ(၂၄၀၀)ကျော်ရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ မဲသပုံ - ကွီးကျယ် (၂)မိုင် (၂)ဖာလုံကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေမှာ အမာခံမြေသားလမ်းအဖြစ် ဆက်လက်ဖောက်လုပ်ရန် ထည့်သွင်းလျာထားပြီးဖြစ်ကြောင်း သိရှိနိုင်ပါရန်တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မဲသပုံ၊ ကွီးကျယ်ကျေးရွာမှ ကွီးကျယ်ရေတံခွန်သို့သွားသော ကျေးလက်လမ်းအား အမာခံ မြေသားလမ်းအဖြစ် ဆက်လက်ပြီးတော့ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်သည်။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၄ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမူဝါဒ(National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော အမျိုးသားမြေဥပဒေ(National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်(၇)ကို ဆောင်ရွက်ပါမယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး တင်သွင်းထားတဲ့ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမူဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံ

ခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်သော အမျိုးသားမြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၂၁)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၄။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။

ဥက္ကဋ္ဌကြီးရှင်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး တင်သွင်းထားတဲ့ ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချမူဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွန်စွာအရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသားမြေဥပဒေ(National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမှု မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည်စီမံကိန်း ဖော်ဆောင်နိုင်ဖို့အတွက် မျှော်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုအား ထောက်ခံဆွေးနွေးအကြံပြုသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီအဆိုဟာဆိုလို့ရှိရင် လက်ရှိမြန်မာနိုင်ငံရဲ့ ဖက်ဒရယ်ပြည်ထောင်စုကို သွားမယ့်လမ်းမှာ မဖြစ်မနေလိုအပ်လာတော့မယ့် National Land Law Policy ကို ဦးတည်တဲ့ အဆိုဖြစ်ကြောင်း ကျွန်မအနေနဲ့သုံးသပ်မိပါတယ်။ အဆိုရှင်ရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် မြေအသုံးချမှုပုံစံများဟာ အသက်မွေးဝမ်းကျောင်း၊ လူနေမှု၊ ရာသီဥတု၊ ပထဝီအနေအထား၊ မြေအမျိုးအစား၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ စီးပွားရေးအားသာချက်များစတဲ့ ကွဲပြားမှုများရှိတဲ့အတွက် လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်နေတာ မအောင်မြင်နိုင်ဘူးဆိုတာ ဖော်ပြထားပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လေ့လာကြည့်လိုက်မယ်ဆိုလို့ရှိရင် အခုတစ်နိုင်ငံလုံး တိုင်းဒေသကြီးတွေမှာ မြေယာစီမံကိန်းနှင့်ပတ်သက်ပြီးတော့ ပြဿနာများ ကျယ်ကျယ်လောင်လောင်ဖြစ်ပေါ်နေတာကို ကျွန်မတို့ လေ့လာ

တွေ့ရှိရပါတယ်။ ဒါဟာ လက်ရှိ ကျွန်မတို့နိုင်ငံမှာကျင့်သုံးနေတဲ့ မြေအသုံးချမှုဝါဒရဲ့ အားနည်းချက်ကြောင့်ဖြစ်တယ်ဆိုတာ မငြင်းနိုင်ပါဘူး။

ဒါကြောင့် နိုင်ငံတော်အကျိုးစီးပွားအတွက်ဆိုလို့ရှိရင် ရိုးရှင်းလွယ်ကူတဲ့ မြေအသုံးချမှုဝါဒတွေကို မဖြစ်မနေဆောင်ရွက်ဖို့ လိုအပ်လာတဲ့အချိန် ဒီအချိန်ကနေပြီးတော့ ပြုပြင်ပြောင်းလဲဖို့အတွက် ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ကျွန်မတို့ မဲဆန္ဒနယ်ဒေသတွေမှာ လေ့လာကြည့်လိုက်လို့ မြေအသုံးချရေးမူဝါဒနဲ့အကျုံးဝင်မယ့် အခုလက်ရှိမှာနေပြီးတော့ ကျွန်မတို့ ကိုယ့်ရပ်ကိုယ့်ရွာကို လေ့လာကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျွန်မရဲ့ရွာမှာ တည်ဆောက်ထားခဲ့တဲ့ ရှိနေတဲ့ ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုရှိတဲ့ အထက်တန်းကျောင်းမှာဆိုလို့ရှိရင် ပထမ ကျွန်မတို့ ငယ်ငယ်တုန်းက တက်ခဲ့တဲ့ကျောင်းဆို (I)ပုံသဏ္ဍာန်ကျောင်းဖြစ်ပါတယ်။ မြေယာစီမံခန့်ခွဲရေးဟာ ကျောင်းအုပ်ကြီးက ကျောင်းတစ်ကျောင်းလုံးကို စီမံခန့်ခွဲနိုင်တဲ့ အတိုင်းအတာပုံစံ ဆောက်ထားပါတယ်။

လွန်ခဲ့တဲ့ နှစ်(၃၀)အတောအတွင်းမှာ ကျွန်မတို့ တက်ခဲ့တဲ့ အ.ထ.က ကျောင်းကို ပြန်သွားကြည့်လိုက်တဲ့အခါမှာ အသစ်တည်ဆောက်ထားတဲ့ကျောင်းများ၊ ကျောင်းအုပ်ကြီးရုံး၊ နောက်စာကြည့်တိုက် ဒါတွေကို လေ့လာကြည့်တဲ့အခါမှာ ပုံစံတကျဆောက်ထားတာ မဟုတ်ဘဲနဲ့ ကျွန်မတို့ လိုသလိုနေရာတွေမှာ စီမံကိန်းအတွက် ကျလာတဲ့ဘက်ဂျက်အပေါ်မှာ စိတ်ကူးရသလိုဆောက်ထားတဲ့ ပုံစံတွေကို တွေ့ရပါတယ်။ ဒီလိုမျိုးအခြေအနေကို လေ့လာကြည့်လိုက်တဲ့အခါမှာ ကျောင်းအုပ်ကြီးအနေနဲ့ ကျောင်းတစ်ကျောင်းကို စီမံခန့်ခွဲဖို့အတွက် ခက်ခဲသွားနိုင်ပါတယ်။ ကျောင်းသားများအနေနဲ့လည်း တကယ့် Assembly စုရုံးမယ့်နေရာတွေဆိုလို့ရှိရင် တကယ့်အလယ်မှာမရှိတော့ဘဲနဲ့ ကျောင်းတစ်ကျောင်းလုံးကို ဘယ်ပုံစံသတ်မှတ်ရမယ်၊ စာစီစာကုံးရေးတဲ့အခါမှာ ကျောင်းသားများအနေနဲ့ မိမိကျောင်း ဘယ်အခြေအနေဖြစ်ပေါ်လာလဲဆိုတာတောင်မှ ရေးဖို့ခက်ခဲသွားတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါသည် အခြေခံအကျဆုံး ကျောင်းတစ်ကျောင်း စီမံခန့်ခွဲတဲ့အခါမှာ စီမံခန့်ခွဲမှုလွဲမှားခြင်းကနေပြီးတော့ ဖြစ်ပေါ်လာတဲ့အခြေခံအဆောက်အအုံများရဲ့ လိုအပ်ချက်ပဲဖြစ်ပါတယ်။ နောက်တစ်ခုက ကျောင်းအတွက်လိုအပ်တဲ့ Result Area မရှိပါဘူး။ ဒါတောင်မှ ရွာတစ်ရွာမှာ အင်မတန်သေးငယ်တဲ့ကျောင်းတစ်ကျောင်းကို ဥပမာပေးတဲ့ အခြေအနေဖြစ်ပါတယ်။

နောက်အဆိုရှင်ရဲ့ တင်ပြထားတဲ့ရည်မှန်းချက်ထဲမှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေအသုံးချမှုတို့မှာ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအကြား ပြည်သူတို့ဆန္ဒနဲ့အညီ စီမံကိန်းများကို ကဏ္ဍအလိုက် ပိုင်းခြားဆောင်ရွက်မှသာလျှင် နိုင်ငံတော်အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်လာမယ့် ဖွံ့ဖြိုးမှုကိုရစေမှာလို့ တင်ပြထားပါတယ်။ ဒါလည်း ကျွန်မတို့ လက်ခံနိုင်ဖွယ်အများကြီးရှိပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ အမ်းမြို့နယ်ဆိုလို့ရှိရင် မြို့ဟောင်း၊ မြို့သစ်ရှိပါတယ်။ မြို့ဟောင်း၊ မြို့သစ်ခွဲပြီးတော့ တည်ဆောက်တဲ့အခါမှာလည်း Township Plan သေသေချာချာရေးဆွဲထားတာမျိုးမရှိပါဘူး။ အခု ဆိုလို့ရှိရင် တစ်မြို့နယ်လုံးသွားကြည့်လိုက်လို့ရှိရင် မြို့ Central Area လို့ရှာရမယ့်နေရာ အင်မတန်ခက်ခဲပါတယ်။ ဒါသည် ကျွန်မတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မြို့တစ်မြို့၊ ရွာတစ်ရွာကြားမှနေပြီးတော့ မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီးတော့ လွဲမှားမှုတွေ၊ အားနည်းချက်တွေအများကြီးရှိနေပါတယ်။ ဒါကြောင့်မို့လို့

အဆိုရှင်တိုက်တွန်းထားတဲ့ National Land Law ဟာ မဖြစ်မနေဖော်ဆောင်ရမယ့် မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲတဲ့ကဏ္ဍမှာ အရေးကြီးဆုံးအချက်ထဲပါဝင်နေပါတယ်။

တတိယအချက်အနေနဲ့ ဆွေးနွေးလိုပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့် သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်နိုင်သော်ငြားလည်း ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ရဲ့ ဒေသတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုအပ်တဲ့ ဒေသအလိုက်စီမံကိန်းများ၊ စည်းမျဉ်းစည်းကမ်း များရေးဆွဲဆောင်ရွက်ရာတွင် နိုင်ငံတော်မူဝါဒ၊ မဟာဗျူဟာတို့နှင့် မဆန့်ကျင်စေဘဲ ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ရန်သော်လည်းကောင်း၊ အမျိုးသားမြေ ဥပဒေ (Mother Law) အဖြစ် ထားရှိဖို့လိုအပ်ပါတယ်။ ဒါလည်း မှန်ကန်တဲ့ထောက်ခံဆွေးနွေးရမယ့် အချက်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် စောစောကတင်ပြခဲ့တဲ့အတိုင်း ကျွန်မတို့နိုင်ငံမှာ လယ်ယာမြေနဲ့ပတ်သက်လို့ တခြားသောမြို့မြေ၊ ရွာမြေတွေနဲ့ ပတ်သက်လို့ စီမံခန့်ခွဲမှုတွေ နှစ်ပေါင်း များစွာ လွဲမှားနေတဲ့အခါမှာ တခြားသော လူဦးရေတိုးတက်လာမှုအပေါ်မှာ စီမံခန့်ခွဲမယ့်မြေနေရာတွေ လစ်လပ်လျက်ရှိပါတယ်။ လစ်လပ်နေတဲ့နေရာကို ဥပဒေနဲ့ ဆောင်ရွက်နေသော်ငြားလည်း ကျူးကျော်မှုတွေ အများကြီးဖြစ်ပေါ်နေတာ တွေ့ရပါတယ်။ ပြည်သူများကျူးကျော်လာခြင်းဟာ (၂)မျိုး ရှိနိုင်ပါတယ်။ တစ်ဖက်က စီးပွားရေးအရကျူးကျော်မှုနဲ့ နောက်တစ်ခုက တကယ်ဆင်းရဲလို့ ပြည်သူများ အနေနဲ့ နေစရာမရှိတဲ့ကျူးကျော်မှုတွေဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားမြေအသုံးချမှုကို စနစ်တကျနဲ့ မဟာဗျူဟာကျကျ ရေးဆွဲအကောင်အထည်ဖော်မယ်။ တိုင်းဒေသကြီး၊ ဒေသများမှနေ ပြီးတော့ ထုံးတမ်းစဉ်လာတွေနဲ့ လျော်ညီပြီးလို့ရှိရင် ပြည်သူတွေအတွက် အကျိုးပြုတဲ့အရာတွေ ဆောင်ရွက်ရမယ်ဆိုလို့ရှိရင် ပြည်သူတို့အနေနဲ့ ပူးပေါင်းပါဝင်ဖို့နဲ့ အစိုးရအနေနဲ့ ကြားဝင်ပြီးတော့ အမျိုးသားမူဝါဒ၊ မြေအသုံးချမူဝါဒကို ဆောင်ရွက်ဖို့လိုပါမယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးရှင်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ပြည့်ဖြိုး တင်သွင်းထားတဲ့အဆိုသည် မြန်မာ့ပြုပြင်ပြောင်းလဲရေးမှာ မဖြစ်မနေဖော်ဆောင်ရမယ့် မြေယာနဲ့ပတ်သက်ပြီးတော့ အရေးကြီးကဏ္ဍက ပါဝင်နေတဲ့အတွက်ကြောင့်မို့လို့ အခုလက်ရှိ ကျွန်မတို့ ကျင့်သုံးနေတဲ့ မြန်မာနိုင်ငံရဲ့ မြေယာနဲ့ပတ်သက်တဲ့အရာအားလုံးကို ပြန်ပြီးတော့ လေ့လာဆန်းစစ် ရမှာဖြစ်ပါတယ်။ အားသာချက်တွေကို လက်ရှိအသုံးပြုနေတဲ့အရာပေါ်မှာ ဆက်လက်အသုံးပြုပြီး လို့ရှိရင် အားနည်းချက်တွေကို တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်တဲ့ Mother Law အောက်မှာ မဖြစ်မနေ ဆောင်ရွက်ရမယ့်အတွက်ကြောင့်မို့လို့ ဒီအဆိုကို ထောက်ခံဆွေးနွေးကြောင်း တင်ပြလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၂။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစား အပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ

အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး တင်သွင်းထားတဲ့အဆိုကို ထောက်ခံရှင်းလင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ တကယ်တော့ မြေဟာ ကျွန်မတို့ရဲ့အိမ်၊ ကျွန်မတို့ရဲ့မိသားစု၊ ကျွန်မတို့ရဲ့ဘဝ ဖြစ်ပါတယ်။ အဲဒီအတွက် ဖွံ့ဖြိုးပြီးတဲ့ နိုင်ငံတွေမှာ သူတို့နိုင်ငံတွေရဲ့ မြေယာ၊ သယံဇာတတွေကို စနစ်တကျစီမံခန့်ခွဲနိုင်ဖို့ရယ်၊ သူတို့နဲ့ ထိစပ်နေတဲ့ ပထဝီကမ္ဘာမြေကြီးအကြောင်းကို နက်နက်ရှိုင်းရှိုင်းလေ့လာနိုင်ဖို့ ပထဝီဘာသာရပ်ကို အဓိကထား လေ့လာသင်ယူကြပါတယ်။ ဒီကနေ့ ကျွန်မတို့နိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့ နေရာမှာ အများဆုံး၊ အခက်ခဲဆုံးဖြေရှင်းနေရတာကတော့ မြေယာပြဿနာတွေဖြစ်ပါတယ်။ မြေဥပဒေပေါင်း (၅၀)ကျော်ကို ဝန်ကြီးဌာနအဖွဲ့အစည်းပေါင်း (၃၀)ကျော်က တာဝန်ခံဆောင်ရွက် နေကြပြီး မြေယာစီမံခန့်ခွဲမှုပြဿနာတွေ၊ အငြင်းပွားမှုပြဿနာတွေ၊ သယံဇာတကျိန်စာတွေနဲ့ ပြည်သူတွေ ဒီကနေ့အထိ လုံးချာလိုက်နေရပါတယ်။ ရင်းနှီးမြှုပ်နှံမှုအတွက်လည်း အခက်အခဲတွေ ဖြစ်နေရပါတယ်။ အဆိုရှင်ရဲ့ အဆိုအတိုင်းပဲ ၂၀၁၆ ခုနှစ်မှာ မြေအသုံးချမှုဝါဒကိုချမှတ်ခဲ့ပေ မယ့်လည်း နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့၊ မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့ အတွက် မဖြစ်မနေလိုအပ်နေတဲ့ မူဝါဒ၊ မဟာဗျူဟာလုပ်ငန်းစဉ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့က အရေးကြီးနေပါတယ်။

အဲဒီအတွက် ပထမဆုံး မြေအသုံးချမှုဝါဒကို ပြန်လည်ဆန်းစစ်ဖို့လိုအပ်ပါတယ်။ မြေအသုံးချ မှုဝါဒ အခြေခိုင်မာမှ အမျိုးသားမြေဥပဒေ ခိုင်ခိုင်မာမာပေါ်ပေါက်လာမှာဖြစ်ပါတယ်။ အမျိုးသား မြေဥပဒေ ခိုင်ခိုင်မာမာပေါ်ထွက်လာမှ မြေယာစီမံခန့်ခွဲမှုနှင့် မြေအသုံးချရေးကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အမျိုးသားမြေအသုံးချရေးမူဝါဒမှာ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ အမြင့်ဆုံးအမျိုးသားမြေအသုံးချမှုကောင်စီကို ဖွဲ့စည်းထားပါတယ်။ တည်ဆဲမြေဥပဒေ တွေကို လွှမ်းခြုံသွားနိုင်မယ့် အမျိုးသားမြေဥပဒေပေါ်ပေါက်ရေးအတွက် အဓိကတာဝန်ရှိတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေ့အထိ အသက်ဝင်ဖွဲ့စည်းထားခြင်းမရှိသေးပါဘူး။ အမျိုးသား မြေအသုံးချမှုကောင်စီရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေလည်း မပြဋ္ဌာန်းနိုင်သေးပါဘူး။ အဆင့်ဆင့်သော မြေအသုံးချမှုကော်မတီဖွဲ့စည်းပြီး လုပ်ငန်းတာဝန်ခွဲဝေချထားပေးနိုင်ခြင်းလည်း မရှိသေးပါဘူး။ အမျိုးသားမြေအသုံးချရေးမူဝါဒမှာပါရှိတဲ့ မြေအမျိုးအစားနှင့် မြေအတန်းအစားတွေကို နိုင်ငံတစ်ဝန်း တိတိကျကျ သတ်မှတ်ပေးနိုင်ခြင်းလည်း မရှိသေးပါဘူး။ အဲဒီလို မသတ်မှတ်နိုင်သေးတဲ့အတွက် ဥပမာ အစိုးရက စီမံခန့်ခွဲမှုရှိတဲ့မြေဟာ လက်တွေ့မှာ မြေပြင်ပေါ်မှာ သစ်တောက စီမံခန့်ခွဲမှုရှိတဲ့မြေ ဖြစ်နေပါတယ်။ MIC ခွင့်ပြုချက်ရပေမယ့် လက်တွေ့မှာ ပြောင်းလဲအသုံးပြုခွင့်မရဘဲဖြစ်နေပါတယ်။ ယခင်က အားကစားကွင်းဖြစ်ခဲ့ပေမယ့် လက်ရှိမှာ နေအိမ်အဆောက်အအုံတွေ ဖြစ်နေပါတယ်။

ကျွန်မရဲ့ မဲဆန္ဒနယ်မှာ မြေရိုင်းအမည်ပေါက်နေတဲ့ မြေတွေဟာ တောင်သူတွေရဲ့ စိုက်ပျိုး မြေဧက(၂၀၀၀၀၀)ဖြစ်နေပါတယ်။ အမျိုးသားမြေအသုံးချမှုဝါဒမှာ စီမံကိန်းရေးဆွဲခြင်းနှင့် မြေ အသုံးချမှု၊ မြေပုံရေးဆွဲခြင်းတွေ ပါရှိပါတယ်။ လုပ်ပိုင်ခွင့်ရတဲ့ ဝန်ကြီးဌာနအဖွဲ့အစည်းအသီးသီးက နိုင်ငံတစ်ဝန်းလုံးအတွက် မြေအသုံးချမှုစီမံကိန်းတွေနဲ့မြေပုံတွေဟာ ချိတ်ဆက်နေဖို့လိုအပ်ပါတယ်။

တစ်နေရာထဲမှာ ထပ်နေလို့မဖြစ်ပါဘူး။ အမျိုးသားမြေအသုံးချမူဝါဒရဲ့ အပိုဒ်(၃၀)အရ အစိုးရစီမံခန့်ခွဲမှုရှိတဲ့မြေကို စီစဉ်ဆောင်ရွက်ရပါတယ်။ ဒါပေမယ့်လည်း အပိုဒ်(၃၁)မှာ အစိုးရစီမံခန့်ခွဲမှုရှိတဲ့မြေလုပ်ပိုင်ခွင့်နှင့်ငှါးရမ်းခြင်းတွေကို ခေတ္တရပ်ဆိုင်းရမည်ဟု ဖော်ပြထားတဲ့အတွက် ရှင်းလင်းမှုမရှိပါဘူး။ မြေအသုံးချမူဝါဒမှာ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့်အစားထိုးခြင်း၊ လုပ်ထုံးလုပ်နည်းတွေကို အပိုဒ်(၂၅)နှင့် (၂၆)မှာ ဖော်ပြထားပါတယ်။

ပြီးတော့ မြေအငြင်းပွားမှုတွေ ဖြေရှင်းဖို့ အပိုဒ် (၂၇)နှင့် (၂၈)မှာ ဖော်ပြထားပါတယ်။ မြေနဲ့ဆက်စပ်တဲ့ အခွန်အခတွေ စည်းကြပ်ခြင်း၊ တံဆိပ်ခေါင်းခွန်ကိစ္စရပ်တွေ အပိုဒ် (၃၀)ကနေ အပိုဒ် (၃၄)အထိ ဖော်ပြထားပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့မြေအသုံးချဖို့ အခွင့်အရေးနှင့် အမျိုးသမီး၊ အမျိုးသား တန်းတူအခွင့်အရေးတွေအတွက်ကို အပိုဒ်(၃၅)ကနေ အပိုဒ်(၄၀)အထိဖော်ပြထားပါတယ်။ ဥပဒေများ သဟဇာတဖြစ်ဖို့နဲ့ ဥပဒေအသစ်ပြဋ္ဌာန်းခြင်းကို အပိုဒ်(၄၁)မှာ ဖော်ပြထားပါတယ်။ စောင့်ကြည့်လေ့လာအကဲဖြတ်မှုနှင့် သုတေသနအထွေထွေကို အပိုဒ်(၄၂)ကနေ အပိုဒ်(၄၈)အထိ ဖော်ပြထားတာတွေ့ရပါတယ်။ ဒါပေမဲ့ လက်တွေ့မြေသိမ်းဆည်းခြင်း၊ မြေနဲ့ပတ်သက်တဲ့ အငြင်းပွားမှုတွေ ဖြေရှင်းခြင်းမှာ အခက်အခဲများစွာကြုံရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေပါဝင်တဲ့ လယ်မြေနှင့် အခြားမြေများ သိမ်းဆည်းမှုစိစစ်ရေးအဖွဲ့တွေ ဖြေရှင်းတဲ့နေရာမှာလည်း အခက်အခဲတွေရှိနေသလို လယ်မြေနှင့် အခြားမြေများ သိမ်းဆည်းမှုစိစစ်ရေးအဖွဲ့တွေရဲ့ ဆုံးဖြတ်ချက်တွေမှာ အခက်အခဲတွေ မမျှမတမှုတွေ၊ ခြစားမှုတွေ ရှိနေတုန်းပါပဲ။ ကျွန်မတို့ရဲ့ အမျိုးသားလွှတ်တော်မှာ ဦးမျိုးဝင်း ရဲ့ အဆိုဖြစ်တဲ့ လယ်မြေနှင့်အခြားမြေများ သိမ်းဆည်းမှုစိစစ်ရေးကော်မတီအဖွဲ့တွေကို အမြန်ဆုံး ထိန်းကျောင်းကြပ်မတ်ဖို့ အစိုးရကိုတိုက်တွန်းခဲ့တဲ့အဆိုကို ၆ - ၈ - ၂၀၁၈ ရက်နေ့မှာ အတည်ပြုနိုင်ခဲ့ပေမယ့်လည်း အရေးယူဆောင်ရွက်မှုအပိုင်းမှာ အားနည်းနေတုန်းပဲဖြစ်ပါတယ်။ အဓိကအနေနဲ့ မြေနဲ့ပတ်သက်တဲ့ တည်ဆဲဥပဒေတွေရဲ့ သဟဇာတမဖြစ်တဲ့ အခက်အခဲဖြစ်နေပါတယ်။

အမျိုးသားမြေအသုံးချမူဝါဒ အပိုဒ်(၇၈)(ဃ)(၁၃)မှာ တည်ဆဲဥပဒေတွေကို သဟဇာတဖြစ်/မဖြစ် စိစစ်ဖို့ပါရှိပေမယ့် လှုပ်ရှားမှုလည်းမရှိပါဘူး။ ဥပမာအားဖြင့် မြေတစ်နေရာတည်းမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သစ်တောဥပဒေနဲ့ စီမံခန့်ခွဲနိုင်သလို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လယ်ယာမြေဥပဒေနဲ့ စီမံခန့်ခွဲနိုင်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနက The State Land ရဲ့ အခွန်ဥပဒေနဲ့ စီမံခန့်ခွဲနိုင်ပါတယ်။ လွှတ်တော်က ပြင်ဆင်လိုက်တဲ့ ၂၀၁၈ ခုနှစ်၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေမှာဆိုရင် Post Legislative Scrutiny ကို အစိုးရအဖွဲ့က ဆောင်ရွက်မှုမရှိခဲ့ဘဲ နည်းဥပဒေမရှိဘဲ ပြဋ္ဌာန်းလိုက်တဲ့အခါ အခက်အခဲပြဿနာတွေ ဖြစ်ပေါ်ခဲ့တာတွေရှိခဲ့ပါတယ်။ မြေပိုင်ဆိုင်မှု၊ လုပ်ပိုင်ခွင့်၊ အကျိုးခံစားခွင့်တွေမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ဥပဒေနှင့် လုပ်ထုံးလုပ်နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးရှိတဲ့အခါ ပြည်သူတွေကလည်း နည်းအမျိုးမျိုးနဲ့ အခွင့်အရေးကိုရရှိဖို့ ကြိုးစားလာကြပါတယ်။ ခြစားမှုတွေလည်း ဖြစ်ပေါ်လာပါတယ်။ ဥပမာအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ မြေပြောင်းလဲအသုံးချခွင့်ကို ရရှိဖို့ခက်ခဲတဲ့အခါ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဆီမှာ စက်မှုစီးပွားဂရန်ရရှိဖို့ ကြိုးစားကြတာကိုတွေ့ရှိရပါတယ်။ ဒီလိုကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာ စိန်ခေါ်မှုတွေဟာ မြေအသုံးချမူဝါဒပါ အပိုဒ်(၄၁)အရ

ဖြေရှင်းဆောင်ရွက်နိုင်ပြီးတော့ မြေဥပဒေအားလုံး သဟဇာတဖြစ်ဖို့ မြေဥပဒေအားလုံးကို လွှမ်းခြုံနိုင်တဲ့ အမျိုးသားမြေဥပဒေပေါ်ပေါက်ဖို့ လိုအပ်နေပြီဆိုတာ ညွှန်းဆိုနေပါတယ်။

ဒီနေ့ ဒီအချိန်မှာလည်း အစိုးရသစ်က ထုတ်ပြန်လိုက်တဲ့ MSDP မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် စတင်နေပြီဖြစ်ပါတယ်။ မဏ္ဍိုင်ကြီး(၃)ခု၊ ပန်းတိုင်(၅)ခု၊ မဟာဗျူဟာ(၂၉)ခု၊ လုပ်ငန်းစဉ်(၂၅၀)ပါရှိပါတယ်။ မဟာဗျူဟာ(၅၅၁)မှာ မြေအသုံးချမှုဝါဒနှင့် ရပ်တည်ဆောင်ရွက်မွမ်းမံသွားဖို့ ပါရှိပါတယ်။ အဲဒီအပြင် မဟာဗျူဟာ(၅၆၁)မှာလည်း မြေစီမံခန့်ခွဲမှုကောင်းဖို့ မြို့ပြဖွံ့ဖြိုးရေးထက် မြေစီမံအုပ်ချုပ်မှုကောင်းဖို့တွေသာရှိပါတယ်။ ဒါကြောင့်မို့လို့ MSDP အကောင်အထည်ဖော်ဆောင်ရွက်သွားတာနဲ့အတူ အမျိုးသားမြေအသုံးချမှုဝါဒ အပိုဒ်(၄၁)အရ အမျိုးသားမြေဥပဒေကိုတစ်လက်စတည်း အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ လိုအပ်နေကြောင်း ထောက်ပြလိုပါတယ်။ ဥပမာအားဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့လည်း ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေ ဆောင်ရွက်ထားခြင်းအားဖြင့် မြေဥပဒေပေါ်ပေါက်တဲ့အခါ အဆင်သင့်ဖြစ်နေနိုင်ပါတယ်။ ဥပမာ တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ ခွင့်ပြုပေးရမယ့်မြေတွေကို ဦးပိုင်မြေတွေ သတ်မှတ်ပြီးတဲ့နောက် မြေပုံတွေ၊ မြေဂရန်တွေ ကြိုတင်ပြင်ဆင်ထားနိုင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မြေအသုံးချမှုဝါဒမှာ မြေအသုံးချမှုကောင်စီကနေတစ်ဆင့် အမျိုးသားမြေဥပဒေတစ်ရပ် အမြန်ဆုံးပေါ်ပေါက်လာရေးအတွက် အကောင်ထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုးတိုက်တွန်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုးဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၀။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။　　။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကိုလေ့လာကြည့်တဲ့အခါ ကျွန်တော့်အနေနဲ့ အပိုင်း(၃)ပိုင်းရှုမြင်မိပါတယ်။ ပထမအပိုင်းကတော့အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်ရန်ဖြစ်ပြီး ဒုတိယအပိုင်းကတော့ အမျိုးသားမြေဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန်ဖြစ်ပါတယ်။ တတိယပိုင်းမှာတော့ ဒီလို အမျိုးသားမြေဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းခြင်းမပြုမီ သက်ဆိုင်ရာအဖွဲ့အစည်း၊ ဝန်ကြီးဌာနများက ကာလလတ်၊ ကာလရှည်၊စီမံကိန်းတွေ၊ မျှော်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေပူးပေါင်းပြီး ကြိုတင်ရေးဆွဲထားရှိမှုအဖြစ်တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။ ပထမပိုင်းဖြစ်တဲ့ အမျိုးသားမြေအသုံးချမှုဝါဒကို ပြန်လည်သုံးသပ်ရန်အပိုင်းကိုတော့ အမျိုးသားမြေအသုံးချမှုဝါဒ အပိုဒ်(၁၃) အထွေထွေအခန်းကဏ္ဍ အပိုဒ်(၈၄)ပါ

ပြောင်းလဲလျက်ရှိသော နိုင်ငံတော်၏ လူမှုစီးပွားအခြေအနေများအရ အနည်းဆုံး (၅)နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို လိုအပ်သလိုဆောင်ရွက်ရမည်လို့ ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်သလို ကျွန်တော့်ရှေ့က ကိုယ်စားလှယ်ကြီးကလည်း အမျိုးသားမြေအသုံးချမှုဝါဒ ပြန်လည်သုံးသပ်ရန် အပိုင်းတွေကို အကျယ်တဝင့်ဆွေးနွေးတင်ပြပြီးဖြစ်လို့ ဒီအခန်းကိုတော့ မဆွေးနွေးတော့ပါဘူး။

ဒုတိယပိုင်းဖြစ်တဲ့ အမျိုးသားမြေဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရေးအပိုင်းကို အလေးအနက် ဆွေးနွေးသွားပါမယ်။ အမျိုးသားမြေအသုံးချမှုဝါဒ အပိုင်း(၁)အခန်း(၁) ရည်ရွယ်ချက်များ ဆိုတဲ့ ခေါင်းစဉ်အောက်က အပိုဒ်(၆)မှာ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေရှည် တည်တံ့စေသည့် မြေအသုံးချမှုစီမံခန့်ခွဲရေး၊ တိုင်းရင်းသားဓလေ့ထုံးတမ်းဆိုင်ရာ မြေယာလုပ်ပိုင်ခွင့် အပါအဝင် စားနပ်ရိက္ခာဖူလုံရေးအတွက်၊ မြေယာလုပ်ပိုင်ခွင့်ခိုင်မာစေရန်အတွက်ဆိုပြီး ရည်ရွယ်ချက် (၆)ချက် ရေးဆွဲပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

နောက်ဆုံးအပိုဒ်ဖြစ်တဲ့ အပိုဒ်ခွဲ(စ)မှာ အထက်ပါမြေအသုံးချမှုမူဝါဒ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရန်လို့ အတိအလင်းဖော်ပြထားပါတယ်။ အဲဒီလိုပဲ အပိုင်း(၁၀)၊ အပိုဒ် ၇၇၊ အပိုဒ်ခွဲ(က)မှာလည်း နိုင်ငံတော်၏ မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေအားလုံးကို သဟဇာတဖြစ်စေရေးအတွက် ဤအမျိုးသား မြေအသုံးချမှုဝါဒကို လမ်းညွှန်အဖြစ်အသုံးပြု၍ အမျိုးသားမြေဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းရမယ်လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

လက်ရှိကျင့်သုံးနေတဲ့ မြေအရင်းအမြစ်ဥပဒေများနှင့် စီမံခန့်ခွဲမှုတွေဟာ သက်တမ်းအားဖြင့် နှစ်ပေါင်း(၁၀၀)ကျော် ကြာမြင့်ခဲ့ပြီဖြစ်လို့ ဒီနေ့ခေတ်အခြေအနေနဲ့လည်း ကိုက်ညီဆီလျော်မှု၊ လူထုအကျိုးစီးပွား သယ်ပိုးနိုင်မှု၊ တရားမျှတမှု ရှုထောင့်များက အလေးထားဆန်းစစ်မယ်ဆိုရင်လည်း အမျိုးသားမြေဥပဒေတစ်ရပ်ရေးဆွဲရန် အထူးလိုအပ်နေပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ မြေယာ စီမံခန့်ခွဲမှုနှင့်ပတ်သက်တဲ့ ဥပဒေများဟာ ၁၈၇၆ ခုနှစ် အင်္ဂလိပ်အစိုးရရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ မြေနှင့် အခွန်အကောက်ဥပဒေကစလို့ ဒီနေ့အထိ မြေယာစီမံခန့်ခွဲမှုနဲ့ပတ်သက်တဲ့ ဥပဒေပေါင်း (၅၀) နီးပါးရှိတယ်လို့မှတ်သားရပါတယ်။ နိုင်ငံတော်ရှိ မြေနှင့်သက်ဆိုင်တဲ့ တည်ဆဲဥပဒေများအားလုံး သဟဇာတဖြစ်ရေး၊ ဥပဒေတစ်ခုနှင့်တစ်ခု အချိတ်အဆက်မိဖို့အတွက် ထီးရိပ်ဥပဒေဖြစ်ဖို့အတွက် အမျိုးသားမြေဥပဒေတစ်ရပ် မဖြစ်မနေ ရေးဆွဲပြဋ္ဌာန်းကြရမှာပါ။ ASEAN နိုင်ငံတွေအနေနဲ့ အမေရိကန်နဲ့ ဥရောပနိုင်ငံများမှာလည်း Land Code, National Land Code, State Land Code, Government Land Code, Federal Land Policy and Management Acts ဆိုပြီးတော့ အမည်နာမအမျိုးမျိုးနဲ့ မြေနဲ့ပတ်သက်တဲ့ ထီးရိပ်ဥပဒေတွေကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြပါတယ်။ ဒါကြောင့် အဆိုရှင်ရဲ့ အမျိုးသားမြေဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းရေးကို အလေးအနက်ထောက်ခံ ရခြင်းဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

တတိယပိုင်းဖြစ်တဲ့ အမျိုးသားမြေဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းခြင်းမပြုမီ ပြင်ဆင် ဆောင်ရွက်ရမယ့်အပိုင်းတွေဖြစ်ပါတယ်။ ဒီအပိုင်းကလည်း အင်မတန်အရေးကြီးပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဆက်စပ်တဲ့အကြောင်းအရာအနည်းငယ်ကို ဆွေးနွေးတင်ပြခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။

ဥပဒေပြုခြင်းနှင့်ပတ်သက်လို့ ပြင်ပအဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တချို့က ဝေဖန်ထောက်ပြတာတွေ ရှိပါတယ်။ အဲဒါကတော့ ဥပဒေပြုတဲ့နေရာမှာ မြန်ဆန်သွက်လက်သလောက် ပြုစုလိုက်တဲ့ဥပဒေတွေဟာ လက်တွေ့နယ်ပယ်မှာ အကျိုးသက်ရောက်မှုလွန်စွာအားနည်းတယ်လို့ ထောက်ပြကြပါတယ်။ ဥပဒေက ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ဥပဒေက အသက်မဝင်တာ၊ အကျိုးသက်ရောက်မှုမရှိတာ၊ ဥပဒေကို လက်ကိုင်ပြုပြီး ပြည်သူလူထုကို ဝန်ဆောင်မှုပေးရမယ့် ဌာနများကိုယ်တိုင်က ဥပဒေကို သိရှိလိုက်နာနိုင်တဲ့ အခြေအနေတွေမဖြစ်တာ၊ ဒီလိုအခြေအနေတွေ ကျွန်တော်တို့ ကြုံတွေ့နေရပါတယ်။

မကြာသေးမီက ထုတ်ပြန်လိုက်တဲ့ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို စိစစ်ခြင်းအစီရင်ခံစာမှာဆိုရင်လည်း ဥပဒေအား ထိရောက်စွာအကောင်အထည်ဖော်မှုနှင့်စပ်လျဉ်းပြီး လူထုအကြား၊ ဝန်ထမ်းများအကြား၊ အစိုးရဝန်ကြီးဌာနများ၏လုပ်ဆောင်ချက်များ စနစ်ကျနမှုနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ ဥပဒေအကောင်အထည်ဖော်မှု၊ ပုံမှန်ဆန်းစစ်သည့် အစီရင်ခံစာများအားနည်းမှု၊ အရင်းအမြစ်ရှားပါးမှုနှင့် လုပ်ငန်းယန္တရား ကြီးကြပ်မှုအားနည်းခြင်းတို့သည် ကြီးမားသော စိန်ခေါ်ချက်ဖြစ်သည်ဟု အစီရင်ခံစာမှာရေးသားဖော်ပြထားပါတယ်။ ကလေးသူငယ်ဥပဒေဟာ လူထု၊ လူတန်းစားအလွှာတစ်ခုကိုပဲ အခြေပြုရေးဆွဲပြဋ္ဌာန်းထားတဲ့ ဥပဒေဖြစ်ပါတယ်။

အခု ကျွန်တော်တို့ ဆွေးနွေးနေတဲ့ အမျိုးသားမြေဥပဒေကတော့ တစ်တိုင်းတစ်ပြည်လုံးနဲ့ သက်ဆိုင်တယ်။ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တယ်။ ဝန်ကြီးဌာနအားလုံးနဲ့ သက်ဆိုင်တဲ့ ဥပဒေဖြစ်ပါတယ်။ ဒီလိုဥပဒေတစ်ခု ရေးဆွဲပြဋ္ဌာန်းရေးမှာ ကြိုတင်စီစဉ်ဆောင်ရွက်ထားသင့်တာတွေ မဆောင်ရွက်ထားဘူးဆိုရင် ဥပဒေရဲ့ အသက်ဝင်မှု၊ သက်ရောက်မှု၊ အားနည်းမှုဖြစ်စေကာ တိုင်းပြည်အတွက် များစွာထိခိုက်မှုဖြစ်ပေါ်စေမှာပါ။ အဆိုရှင် တိုက်တွန်းသလိုပဲ။ မြေနဲ့သက်ဆိုင်တဲ့ ဥပဒေများ၊ မြေအတန်းအစားအလိုက် စီမံခန့်ခွဲမှုဌာနတွေ၊ အဖွဲ့အစည်းတွေ များစွာရှိပါတယ်။ ဌာနတွေ၊ အဖွဲ့အစည်းတွေက အနာဂတ်ကာလမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရေးကာလမှာ ကာလလတ်၊ ကာလရှည်စီမံကိန်း၊ မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပြီးမှ အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းခြင်းက အမျိုးသားမြေအသုံးချမှုဝါဒရဲ့ အပိုင်း (၁)၊ အခန်း ၁ ရဲ့ ရည်ရွယ်ချက်များ အောင်မြင်ပေါက်မြောက်မှာဖြစ်ပါတယ်။ ဒါကြောင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး တင်သွင်းတဲ့ အဆိုကို အလေးအနက်ထောက်ခံကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**အချိန်၊ ၁၁:၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ၏ အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးလာချိန်မှစ၍ အစိုးရအဆက်ဆက် ရင်ဆိုင်လာခဲ့ရသည့် အဓိကပြဿနာမှာ မြေယာပြဿနာများဖြစ်ကြပါတယ်။ ၁၉၉၁ ခုနှစ်တွင် မြေရိုင်းများဆိုင်ရာညွှန်ကြားချက် (Waste Land Instruction Law)ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၎င်းညွှန်ကြားချက်အရ အသုံးမပြုမြေအဖြစ်သတ်မှတ်ထားသော သဘာဝမြေ ဧက(၅၀၀၀)အထိကို နှစ်(၃၀)ကာလအထိ ငှားရမ်းအသုံးပြုခဲ့ပါတယ်။ ထိုအချိန်မှစ၍ စီးပွားရေးဆိုင်ရာ မြေယာပဋိပက္ခများ စတင်ဖြစ်ပေါ်လာခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူများသည် တတ်နိုင်သမျှ အနိမ့်ဆုံးဈေးဖြင့် မြေယာများကိုရယူခဲ့ကြပါတယ်။ မြေဝယ်ထားလျှင် မရှုံးနိုင်သောရည်ရွယ်ချက်ဖြင့် မြေကွက်ရင်းနှီးမြှုပ်နှံမှုဈေးကွက်ပေါ်ပေါက်လာခဲ့ပြီး အရှေ့တောင်အာရှတွင် မြေကွက်ဈေးအကြီးဆုံး နိုင်ငံတစ်ခုအဖြစ် ရပ်တည်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် ဒီမိုကရေစီအစိုးရတက်လာပြီးနောက် အနောက်နိုင်ငံများက စီးပွားရေးတွေ့ဆုံမှုများ ဖြေလျှော့ပေးခဲ့ပါတယ်။ စီးပွားရေးအခွင့်အလမ်းပိုလာသော မြန်မာနိုင်ငံတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ စိတ်အားထက်သန်လာခြင်းများသည်လည်း မြေယာပဋိပက္ခဖြစ်ရန် မောင်းနှင်အားတစ်ရပ်ဖြစ်ပါတယ်။ ဥပမာအားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သော လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် အဓိကမြင်သာသော ပြယုဂ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားမြေအသုံးချမှုဝါဒ အခန်း ၃၊ အပိုဒ် ၈ တွင် အိမ်ယာမဲ့များနှင့် မြေယာမဲ့ပြည်သူများအား အိမ်ယာနှင့်မြေ ခွဲဝေအသုံးပြုခွင့်ပေးနိုင်ရေးအတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းရန်၊ မြေနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရန်တို့ ပါဝင်ပါတယ်။ အမျိုးသားမြေအသုံးချမှု အပိုဒ် ၄၊ ၃၂(က)တွင်လည်း ပတ်ဝန်းကျင်ဆိုင်ရာစိစစ်မှုနှင့် လူမှုရေးအကျိုးသက်ရောက်မှုဆိုင်ရာ ဆန်းစစ်ချက်များဆောင်ရွက်ရာတွင် မြေခွဲဝေချထားခြင်းနှင့် ပြန်လည်နေရာချထားခြင်းတို့အတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာ၌ နေရာပြောင်းရွှေ့ရသော အကျိုးသက်ဆိုင်သူများကို စနစ်တကျ တိုင်ပင်ညှိနှိုင်း၍ ကိုယ်တိုင်ပါဝင်ဆောင်ရွက်စေရမည်။ မြေမဲ့၊ ယာမဲ့များကို မြေခွဲဝေချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။ သက်ဆိုင်ရာဒေသခံပြည်သူများအတွက် အကျိုးရှိသည့် ရှိရင်းစွဲသဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရမည်လို့ပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်တွင် တစ်နေ့တခြားလူဦးရေ ထူထပ်များပြားလာခြင်းကြောင့် နေထိုင်စားသောက်စရာ မြေနေရာတွေ အခက်အခဲတွေ ရှိလာခဲ့ပါတယ်။ အိုးမဲ့၊ အိမ်မဲ့တွေ များလာခဲ့ပါတယ်။ ဆင်းရဲမွဲတေမှုနှင့် စီးပွားရေးကျဆင်းခဲ့မှုများအပါအဝင် စီမံကိန်းများကြောင့် လုပ်ငန်းရှင်


များက မိမိတို့၏မြေယာများကို သိမ်းယူသွားခြင်းလည်းပါဝင်ပါတယ်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေရိုင်းများကို စနစ်တကျပြန်လည်ဖော်ထုတ်ပြီး မြို့ရွာစီမံကိန်းများ (Town Plan, Village Plan) များကို ဖော်ထုတ်ပေးဖို့လိုအပ်ပါတယ်။ မူဝါဒမဟာဗျူဟာများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တစ်ပြေးညီဆောင်ရွက်ပေးရန်လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒါကတော့ သထုံမြို့နယ်မှာရှိတဲ့ မြေအမျိုးအစားတွေဖြစ်ပါတယ်။ ဒါကတော့ သထုံမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာ၌ ကျူးကျော်နေထိုင်သူများစာရင်းဖြစ်ပါတယ်။ ဒါကတော့ သထုံမြို့နယ်မှာရှိတဲ့ စက်မှုဝန်ကြီးဌာနက ပြန်လည်စွန့်လွှတ်တဲ့ မြေဧရိယာ(၁၈၀.၅၈)ဧကေအပေါ် မြေမဲ့၊ ယာမဲ့များကို နေရာချနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ၂၅ - ၁ - ၂၀၁၆ ရက်နေ့ကတည်းက ဆောင်ရွက်ခဲ့ပေမယ့် ယခုအချိန်အထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိတာကိုတွေ့ရှိရပါတယ်။ ဒါက မြေမဲ့၊ ယာမဲ့တွေကိုစီမံဆောင်ရွက်ဖို့အတွက် ကျေးရွာတွေကိုဆင်းပြီးတော့ လူဦးရေကောက်ခံထားတဲ့ စာရင်းဇယားဖြစ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလူဦးရေဟာ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ (၅၃.၂)သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ (၅၃.၆)သန်း လူဦးရေသိပ်သည်းဆအနေနဲ့ (၁)စတုရန်းကီလိုမီတာမှာ (၇၉)ဦးနေထိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ အဲဒီလိုလူတွေအတွက် ကြိုတင်ပြင်ဆင်ထားဖို့ များစွာလိုအပ်နေပါတယ်။ နိုင်ငံမှာ လူဦးရေထူထပ်လာခြင်းကြောင့် နေစရာနေရာအခက်အခဲဖြစ်ပြီး နေစရာနေရာတွေလိုအပ်လာပါတယ်။ ကျူးကျော်နေထိုင်မှုတွေက တစ်နေ့တခြားများပြားလာပါတယ်။ ဒါဟာ ကျွန်တော်တို့ အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်ပါပဲ။ နိုင်ငံတော်ပိုင် စီမံကိန်းနယ်မြေတွေ၊ ပုဂ္ဂလိက လုပ်ငန်းနေရာမှာ ကျူးကျော်ဝင်ရောက်နေမှုကြောင့် မကြာခဏ ပြည်သူနှင့်အစိုးရကြား၊ ပြည်သူအချင်းချင်းကြားမှာ ခိုက်ရန်ဖြစ်ပွားမှု၊ ဥပဒေချိုးဖောက်မှု၊ ရုန်းရင်းဆန်ခတ်မှုတွေဟာ ကျွန်တော်တို့ရဲ့ တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်နေသလိုဖြစ်နေပါတယ်။ တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်စေနိုင်ပါတယ်။ ထို့ကြောင့် ကျွန်တော်တို့တွေက အိမ်မဲ့၊ ယာမဲ့ကျူးကျော်သူများကို စာရင်းဇယားသေချာစွာကောက်ခံပြီး တာဝန်ယူဖြေရှင်းပေးဖို့ လိုအပ်လာပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာဆိုင်ရာဥပဒေများကို ခေတ်နှင့်အညီ ထိရောက်စွာရေးဆွဲပြဋ္ဌာန်းဖို့လိုပါတယ်။ အိမ်မြေပိုင်မှုကို နိုင်ငံသားများထံ ဥပဒေနှင့်အညီမျှတစွာပေးရန်၊ မြေယာသိမ်းဆည်းမှုများတွင် နစ်နာကြေးနှင့်လျော်ကြေးများကို ခေတ်ကာလနှင့်အညီပေးရန် လိုအပ်လာပါတယ်။ အဆိုရှင် တင်ပြသွားသလို မြေယာနှင့်ပတ်သက်သောဥပဒေများမှာ အသီးသီးရှိနေသော်လည်း နိုင်ငံနှင့်တစ်ဝန်း ထိရောက်စွာဖြေရှင်းနိုင်မည့် ပင်မဥပဒေတစ်ရပ်လိုအပ်လျက်ရှိပါတယ်။ ထို့ကြောင့် အမျိုးသားမြေဥပဒေ (National Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံအုပ်ချုပ်မှု၊ အမျိုးသားမြေအသုံးချမဟာဗျူဟာ ကာလလတ်၊ ကာလရှည်စီမံကိန်း၊ မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးအကြံပြု ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး သထုံမြို့ မြင်ကွင်းပုံ (လ)





မြေမဲ့ယာမဲ့များအား နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်ထားမှု အခြေပြဇယား (လ-၁)


မြေမဲ့ယာမဲ့များအား နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်ထားမှု အခြေပြဇယား

| စဉ် | ကျေးရွာအုပ်စု | ချထားပေးရန် မြေနေရာ | | | လျှောထားအကွက် | စိစစ်ပြီး အိမ်ယာမဲ့ ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | တည်နေရာ | ကွင်းအမှတ် | ဧရိယာ (ဧက) | | | |
| ၁ | စခန်းကြီးကျေးရွာအုပ်စု | ညောင်ချောင်းခြံ | ၆၇၉ | ၁၄.၃၉ | ၂၁၀ | ၁၇၅ | |
| ၂ | ဒုံဝန်းကျေးရွာ အုပ်စု | မိုးကောင်းခြံခွဲ | ၄၂၄ | ၂၆.၈၄ | ၃၀၉ | ၂၅၀ | |
| ၃ | ထောင်မှူး ကျေးရွာအုပ်စု | ကစစ(၂၁) | ၅၁၄ | ၄၅.၀၀ | ၅၄၉ | ၅၄၉ | |
| ၄ | ဒူးရင်းဆိပ် ကျေးရွာအုပ်စု | | | | | | |
| | (က) သမ္ဘန်ကျေးရွာ | ကစစ(၂၁) | ၅၂၁ | ၁၅.၃၅ | ၁၆၇ | ၉၀ | |
| | (ခ) ဒူးရင်းဆိပ်/အင်းရှည်/ကြာပန်း/ဆူးအင်း/ကဇိုင်း | ခနဲခြံခွဲ | ၅၂၅ | ၇၉.၀၀ | ၉၂၄ | ၉၂၄ | |
| | စုစုပေါင်း | ၄ | ၅ | ၁၈၀.၅၈ | ၂၁၅၉ | ၁၉၈၈ | |

စခန်းကြီးကျေးရွာအုပ်စု၊ ညောင်ချောင်းခြံ(၁၄.၃၉)ဧကအား မြေမဲ့ယာမဲ့များ နေရာချထားပေးနိုင်ရေး အကွက်ချမြေပုံ (လ-၂)



**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ မန်းထွန်းကြိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၃။**

**မန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လွှတ်တော်ဝန်ထမ်းများအားလုံး ဘေးရန်ကင်းကွာ ချမ်းသာကိုယ်စိတ်မြဲကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းထွန်းကြိုင် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကို ထောက်ခံဆွေးနွေး အကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားမြေအသုံးချမှုဝါဒရဲ့ ရည်ရွယ်ချက်တွေကတော့ နိုင်ငံတော်ရှိပြည်သူအားလုံး၏ အကျိုးစီးပွားအလို့ငှာ ရေရှည်တည်တံ့စေမယ့် မြေအသုံးချမှုစီမံခန့်ခွဲရေး၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေးတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်၏ မြို့ပြနှင့် ကျေးလက်နေပြည်သူများအားလုံး လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ စားနပ်ရိက္ခာဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ မြေလုပ်ကိုင်မှုခိုင်မာစေရန်၊ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ကိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများကိုအသိအမှတ်ပြုပြီး အကာအကွယ်ပေးရန်၊ မြေနှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို တရားဥပဒေစိုးမိုးရေးအတွက် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ ငွေကြေးအကုန်အကျသက်သာမှုနှင့် လွတ်လပ်မှုရှိသော ဖြေရှင်းဆုံးဖြတ်သည့်လုပ်ငန်းစဉ်များထူထောင်ရန်၊ နိုင်ငံတော်၏ စီးပွားရေးညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု၊ အများပြည်သူ ပါဝင်ဆုံးဖြတ်မှု၊ မြေအရင်းအမြစ်အားအခြေခံသော တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် မြေအသုံးချမှု စီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသား မြေအသုံးချမှုဝါဒ ရည်ရွယ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေဥပဒေ (National Land Law) ကို ပြဋ္ဌာန်းရန်တို့ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြေအသုံးချမှုဝါဒဆိုတာ မြေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်း၊ ခွဲဝေနေရာချထားခြင်း ကိစ္စရပ်များနှင့်ပတ်သက်ပြီး အစိုးရတစ်ရပ်ရဲ့ ရည်ရွယ်ချက်များ၊ အစီအမံများကို တရားဝင်ဖော်ထုတ်ကြေညာချက်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇(က) မှာ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ အမျိုးသားမြေအသုံးချမှုဝါဒကို ရေးဆွဲပြုစုချမှတ်မှု (က) စိုက်ပျိုးမြေ၊ (ခ) သစ်တောမြေ၊ (ဂ) အခြားမြေလို့ မြေအမျိုးအစား(၃)မျိုး ခွဲခြားသတ်မှတ်သင့်ပါတယ်။

အမျိုးသားမြေအသုံးချမှုဝါဒရဲ့ အခြေခံမူများအဖြစ် လုပ်ကွက်ငယ်တောင်သူများ၊ ဆင်းရဲသားများ၊ တိုင်းရင်းသားလူမျိုးများ၊ အမျိုးသမီးများတို့ရဲ့ မြေလုပ်ကိုင်ခွင့်ကို ဥပဒေအရ အသိအမှတ်ပြုပြီး အကာအကွယ်ပေးရန်၊ ရှင်းလင်းလွယ်ကူသော လုပ်ထုံးလုပ်နည်းများဖြစ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ရှိပြီး တရားဥပဒေစိုးမိုးရေးအနက် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တို့ကိုမြှင့်တင်ရန်၊ အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ သား၊ ငါး၊ သစ်တောတို့ဖြင့် သက်ဆိုင်တဲ့ မြေလုပ်ကိုင်ခွင့်များစီမံဆောင်ရွက်ရာတွင် လိုက်နာသင့်တဲ့ လမ်းညွှန်ချက်များအပါအဝင် နိုင်ငံတကာတွင်ကျင့်သုံးတဲ့ အကောင်းဆုံးနည်းလုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန်၊ မြေသိမ်းဆည်းခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်နေရာချခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ပြန်လည်အစားထိုးခြင်း၊ ဖြည့်ဆည်းပေးခြင်းနှင့် စစ်ဘေးစစ်ဒဏ်များကြောင့်ဖြစ်စေ၊ မတရားသိမ်းဆည်းခံရခြင်းကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိနေထိုင်လုပ်ကိုင်သောမြေကို စွန့်ခွာသွားရသူများနှင့် ဌာနေကိုပြန်လာသူများရဲ့ မြေလုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်များ ပြန်လည်ရရှိစေခြင်းဆိုင်ရာ တရားမျှတသော လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပြဋ္ဌာန်းရန်၊ မြေအသုံးချမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်းများချမှတ်ရာတွင် အများပြည်သူရဲ့အကျိုးစီးပွားနဲ့ ပုဂ္ဂလိကကုမ္ပဏီတို့ရဲ့ အကျိုးစီးပွားတို့ ယှဉ်ပြိုင်လာပါက အများပြည်သူတို့ရဲ့အကျိုးစီးပွားကို ဦးစားပေးရန်၊ အိမ်ရာမဲ့များနဲ့ မြေမဲ့၊ ယာမဲ့ ပြည်သူများအား အိမ်ရာနှင့်မြေခွဲဝေအသုံးပြုခွင့်ရနိုင်ရန်အတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများရေးဆွဲပြဋ္ဌာန်းပေးရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်တို့၏ သက်ရောက်မှုများကို လျှော့ချနိုင်ရေးဆောင်ရွက်ရန်တို့ကို အခြေခံမူများအဖြစ် ထည့်သွင်းသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် စိုက်ပျိုးရေးနှင့် ဂေဟစနစ် ထိန်းသိမ်းကာကွယ်ရေးဇုန်များကို စနစ်တကျသတ်မှတ်ဖြည့်ဆည်းခြင်းနှင့် မြေအသုံးချမှုပြောင်းလဲခြင်းဆောင်ရွက်ရာမှာ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးဇုန်၊ စိုက်ပျိုးရေးနှင့် စက်မှုဇုန်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဇုန်၊ ကာကွယ်ထားသော နယ်မြေဇုန် သို့မဟုတ် အမျိုးသားကာကွယ်ရေးဇုန်၊ ကူးသန်းရောင်းဝယ်ရေးဇုန်၊ စားကျက်မြေဇုန်၊ သစ်တောဇုန် စသည်ဖြင့် သတ်မှတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြရင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ၏ အဆိုအား ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၉။**

**ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုကို လေ့လာကြည့်တဲ့အခါမှာ မြေယာစီမံခန့်ခွဲရေးနှင့် မြေယာအသုံးချရေးအတွက် မူဝါဒ၊ မဟာဗျူဟာ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းတွေဟာ နိုင်ငံတော်ရဲ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ဖို့အရေးကြီးတာကြောင့် အမျိုးသားမြေဥပဒေ (National Land Law) ပြုစုရေးဆွဲဖို့ လိုအပ်နေရခြင်းဟာ အဓိကအချက်ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ဒီလို (National Land Law) အမျိုးသားမြေဥပဒေရေးဆွဲဖို့ကိစ္စမှာ ရှိနေတဲ့ မြေယာမူဝါဒ၊ မြေယာအသုံးချမူဝါဒကို ပြန်လည်သုံးသပ်ပြီးတော့ မြေယာစီမံ အုပ်ချုပ်မှု၊ မြေအသုံးချမှုမဟာဗျူဟာ ကာလလတ်၊ ကာလရှည်စီမံကိန်း၊ မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရေးဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ အဆိုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အဆိုရှင် တိုက်တွန်းရာမှာ လက်ရှိ မြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်ဖို့ လိုအပ်ကြောင်းပါတဲ့အတွက် မြေအသုံးချမူဝါဒကို လေ့လာကြည့်တဲ့အခါ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ မူကြမ်းပြုစုခဲ့ပြီးတော့ ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ပြည်သူကို ချပြဆွေးနွေးခဲ့တာ တွေ့ရှိရပါတယ်။ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်မှာတော့ အတည်ပြုခဲ့ပြီးတော့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှာ ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၆ ခုနှစ် မြေယာအသုံးချမူဝါဒပေါ်ထွန်းလာဖို့ Focal Ministry ဖြစ်တဲ့ အဲဒီတုန်းက တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများ၊ ပညာရှင်ကြီးများ၊ အငြိမ်းစားဝန်ထမ်းများ၊ အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေး ဗဟိုကော်မတီဝင်များ၊ မြေအသုံးချမူဝါဒသုံးသပ်ရေးကော်မတီဝင်များ အပါအဝင် နိုင်ငံခြားကနေပြီးတော့ ကျွမ်းကျင်မှုအကူအညီနဲ့ ရန်ပုံငွေပေးတဲ့ EA လို အဖွဲ့မျိုး၊ USAID လို၊ ပြီးတော့ ဆွစ်ဇာလန်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် တိုးတက်ဖွံ့ဖြိုးရေး Agency၊ မြန်မာနိုင်ငံက မြေယာမဏ္ဍိုင်အဖွဲ့ Land Core Group စတဲ့အဖွဲ့တွေအပြင် အရပ်ဖက်အဖွဲ့အစည်းများနဲ့ လူထုလူတန်းစားပေါင်းစုံ ပါဝင်ဆွေးနွေးပြီးမှ ဒီမြေယာအသုံးချမူဝါဒဖြစ်ပေါ်ခဲ့တာလို့ဆိုပါတယ်။ ဘယ်မူဝါဒကိုမှ ဒီလောက်ကျယ်ကျယ်ပြန့်ပြန့် အချိန်ယူပြီးတော့ဆွေးနွေးဆောင်ရွက်ခဲ့ခြင်းမရှိဘူးလို့ Land Core Group ကတော့ သုံးသပ်ထားတာတွေ့ရှိရပါတယ်။ ဒီမြေအသုံးချမူဝါဒဟာ ယခင်အစိုးရလက်ထက် သက်တမ်းပြည့်ခါနီး (၃)လအလိုလောက်မှာ အတည်ပြုခဲ့တာကိုတွေ့ရပါတယ်။ ပါတီတစ်ခုတည်းက ဖွဲ့စည်းထားတဲ့ အစိုးရတစ်ရပ်ဟာ သူ့နောက်ခံပါတီရဲ့မူဝါဒများအတိုင်း ဆောင်ရွက်အကောင်အထည်ဖော်ရမြဲဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် က အမျိုးသားလွှတ်တော်ထဲမှာ အဲဒီ ၂၀၁၆ ခုနှစ် မြေအသုံးချမူဝါဒနဲ့ပတ်သက်ပြီးတော့ Land Core Group က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ လာရောက်ရှင်းလင်းစဉ်က ကျွန်တော်တို့ လက်ရှိအစိုးရက မြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်ဖို့ လိုအပ်သလား။ ကိုယ့်မူဝါဒတွေထဲက ဘယ်အတိုင်းအတာအထိ In Line ဖြစ်သလဲဆိုတာတွေကို ပြန်လည်

သုံးသပ်ဖို့လိုအပ်ကြောင်း ဆွေးနွေးခဲ့ဖူးပါတယ်။ လက်ရှိ ပြည်ထောင်စုအစိုးရဟာ ၁၇ - ၁ - ၂၀၁၈ ရက်နေ့မှာတော့ အမျိုးသားမြေအသုံးချမှုကော်မရှင်ကို ဖွဲ့စည်းခဲ့တာ တွေ့ရှိရပါတယ်။

ပထမအကြိမ် အစည်းအဝေးကိုလည်းပဲ ၆ - ၄ - ၂၀၁၈ ရက်နေ့မှာ ကျင်းပခဲ့ကြောင်းနဲ့ ဆုံးဖြတ်ချက် (၇)ခု ချမှတ်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ အဲဒီ ဆုံးဖြတ်ချက်တွေထဲကတစ်ခုဖြစ်တဲ့ အမျိုးသားရေးမူဝါဒ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနဲ့ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး၊ လုပ်ငန်းကော်မတီဖွဲ့စည်းဖို့အတွက်ဆိုပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို တာဝန်ပေးခဲ့ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း အဲဒီကော်မတီကိုဖွဲ့ဖို့ ကော်မတီအရေအတွက် ပါဝင်နိုင်တဲ့အဖွဲ့အစည်းစသဖြင့် ဒါတွေကို ၂၁ - ၅ - ၂၀၁၈ ရက်နေ့မှာ ပြန်ပြီးတော့ တင်ပြခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဲဒီအချက်တွေကို ထောက်ရှုခြင်းအားဖြင့် လက်ရှိအစိုးရဟာ ၂၀၁၆ ခုနှစ်၊ မြေယာအသုံးချမှုဝါဒကို လက်ခံဆောင်ရွက်နေတယ်လို့ဆိုနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ မြေယာဥပဒေပေါင်း (၃၀)ခန့်ရှိပြီးတော့ အဲဒီမြေယာဥပဒေကြားမှာ သဟဇာတမဖြစ်မှုတွေကိုလည်း အများကြီးရှိနေတာကိုတွေ့ရပါတယ်။ ဥပမာပြောရမယ်ဆိုရင် မြေသိမ်းဥပဒေက မြေသိမ်းတဲ့အခါမှာ တွက်ချက်တဲ့ တွက်ချက်မှုနဲ့ ဘဏ္ဍာတော်မင်းကြီးဆိုင်ရာ ဥပဒေက မြေသိမ်းတဲ့အခါမှ တွက်ချက်တဲ့ တွက်ချက်မှုတွေဟာ အလွန်ကွာခြားပြီးတော့ သဟဇာတမဖြစ်တာကို တွေ့ရှိနိုင်ပါတယ်။ အဲဒီတော့ မြေယာဥပဒေများဟာလည်းပဲ များပြားပြီးရှုပ်ထွေးနေပါတယ်။ မြေယာစီမံခန့်ခွဲမှု၊ မြေယာအသုံးချမှုနဲ့ဆက်စပ်နေတဲ့ ဌာနဆိုင်ရာ (၂၀)ကျော်၊ (၃၀)နီးပါးကလည်းပဲ သူတို့ကြားမှာ ဌာနအလိုက်ကျင့်သုံးဖို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအရ အဲဒီဥပဒေတွေဟာ သဟဇာတမဖြစ်လို့ ပြည်သူလူထုတွေဟာ မြေယာကိစ္စတွေမှာ မပြေလည်မှုများ၊ အငြင်းပွားမှုများနဲ့ကြုံတွေ့နေရတာ အားလုံးအသိ ဖြစ်ပါတယ်။ အဲဒီတော့ မြေအသုံးချမှုဝါဒရဲ့ ရည်ရွယ်ချက်မှာ အမျိုးသားမြေယာဥပဒေရေးဆွဲပြီးတော့ တည်ဆဲမြေယာဥပဒေများကို သဟဇာတဖြစ်အောင် ဆောင်ရွက်ပေးဖို့ပါဝင်တာကြောင့် ၂၀၁၆ ခုနှစ် မြေယာဥပဒေကို ကြည့်တဲ့အခါမှာ ၂၀၁၆ ခုနှစ် မြေအသုံးချမှုဝါဒရဲ့ အပိုင်း(၁)မှာ ရည်ရွယ်ချက် (၆)ချက်၊ လမ်းညွှန်မှု (၅)ချက်၊ အခြေခံမူ (၁၆)ချက်ကိုတွေ့ရှိရသလို အပိုင်း(၂)မှာ မြေအသုံးချမှု စီမံခန့်ခွဲခြင်းအပါအဝင် အားလုံးပေါင်း အပိုင်းပေါင်း (၁၃)ပိုင်း တင်ပြထားတာတွေ့ရပါတယ်။ ခေါင်းစဥ်များလည်း ပြည့်ပြည့်စုံစုံရှိတာကို ရှေ့ကပုဂ္ဂိုလ်များ ဆွေးနွေးပြီးဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ဒီမြေအသုံးချမှုဝါဒကို ကျွန်တော်တို့ ပြန်လည်သုံးသပ်ဖို့ရာမှာ အချိန်များစွာမလိုတော့ဘူးလို့ယူဆပါတယ်။ အဲဒီတော့ လက်ရှိအစိုးရဟာ သူချထားတဲ့မူဝါဒနဲ့ မကိုက်ညီတာ တွေရှိရင် ဒါတွေကိုထုတ်ပယ်ပြီး ဖြည့်စွက်သင့်တာတွေကိုဖြည့်စွက်ဖို့ပြီးတော့ အတည်ပြုသင့်တာတွေကို ဆက်လက်အတည်ပြုပြီးတော့ အမြန်အကောင်အထည်ဖော်ဖို့လိုပါတယ်။ မြေယာစီမံခန့်ခွဲ အုပ်ချုပ်မှု အမျိုးသားမြေအသုံးချမှုမဟာဗျူဟာ ကာလလတ်၊ ကာလရှည်သာမက ကာလတိုမှာ လက်ငင်းဖြေရှင်းရမယ့်ကိစ္စတွေလည်း ပါဝင်နေတာကြောင့် အဲဒီလိုပါဝင်တဲ့ စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဥ်များကို မူဘောင်များချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပါမှ လက်ရှိမြေပြင်မှာဖြစ်နေတဲ့ အခက်အခဲ၊ အကျပ်အတည်းများကို ပြေလည်အောင် ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိမူဝါဒကို အမြန်ဆုံးသုံးသပ်ပြီးတော့ အဆိုရှင် ဒေါက်တာပြည့်ဖြိုး ရဲ့

အဆိုအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုအပ်တာကြောင့် အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၆။**

**ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဦးဘမျိုးသိန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဖြစ်ပါတယ်။ အဆိုရှင်ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဆိုမှာ အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည် သုံးသပ်ဖို့ အမျိုးသားမြေဥပဒေတစ်ခုပေါ်ထွက်ဖို့ဆိုတာကို ဆွေးနွေးထားပါတယ်။ အမျိုးသားမြေအသုံးချမူဝါဒကို ကျွန်တော်တို့ နိုင်ငံတော်အစိုးရကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ အမျိုးသားမြေအသုံးချမူဝါဒ(မူကြမ်း)ကို ၂၀၁၂ ခုနှစ်မှာ စတင်ခဲ့တယ်။ စတင်ခဲ့တဲ့ အချိန်မှာပဲ ဝေဖန်မှုတွေ၊ အကြံပြုမှုတွေ အများကြီးဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် ၂၀၁၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ပြည်သူကိုချပြတဲ့ ဆွေးနွေးပွဲပေါင်း (၉၀)ကျော်နဲ့ ပညာရှင်များရဲ့ စကားဝိုင်းဆွေးနွေးပွဲ ဝိုင်းရေအများကြီးလုပ်ခဲ့ပါတယ်။ နောက်ဆုံး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှာ အချောသပ်အတည်ပြုနိုင်ခဲ့တာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားမြေအသုံးချမူဝါဒရေးဆွဲရာမှာ အဓိကထားဆွေးနွေးတဲ့ အချက်တွေထဲမှာ ပထမအချက်အနေနဲ့ ပြောမယ်ဆိုလို့ရှိရင် မြေယာဥပဒေတွေများပြားတယ်၊ ရှုပ်ထွေးတယ်၊ သဟဇာတမဖြစ်မှုတွေ များတယ်။ နောက်တစ်ချက်က မြေယာကို ကိုင်တွယ်ကျင့်သုံးတဲ့ဌာနတွေကြား ညှိနှိုင်းဆောင်ရွက်မှုအားနည်းပါတယ်။ ဒီအတွက်ကြောင့် အမျိုးသားမြေယာအသုံးချမှု မူဝါဒရဲ့ အဓိကရည်ရွယ်ချက်ထဲမှာ အမျိုးသားမြေဥပဒေတစ်ရပ်ပေါ်ပေါက်ဖို့ဆိုပြီးတော့ ထည့်သွင်းရေးဆွဲတာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားမြေဥပဒေတစ်ရပ်ပေါ်ထွက်ဖို့ကို အမျိုးသားမြေအသုံးချမူဝါဒရေးဆွဲသလိုပဲ ပညာရှင်တွေရဲ့စကားဝိုင်းတွေ၊ ပြည်သူကိုချပြတဲ့ ဆွေးနွေးပွဲတွေလုပ်ဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ မြေယာဥပဒေများပြားလာတယ်။ ရှုပ်ထွေးတယ်။ သဟဇာတမဖြစ်တာတွေရယ်။ ဌာနတွေကြားမှာ ညှိနှိုင်းဆောင်ရွက်မှု အားနည်းလို့လည်းဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ မြေနဲ့သက်ဆိုင်တဲ့သတင်းအချက်အလက် စီမံခန့်ခွဲမှု ဒါက အရေးကြီးတဲ့ အချက်တစ်ချက်အနေနဲ့ အမျိုးသားမြေအသုံးချမူဝါဒမှာ အခန်းတစ်ခုနဲ့ ဖော်ပြထားပါတယ်။ ဒါမှလည်းပဲ မြေကြီး၊ မြေပုံ၊ မြေစာရင်းများရဲ့ မှန်ကန်တိကျမှုနည်းပါတယ်။ အားနည်းပါတယ်။ တချို့ဥစ္စာတွေမှာဆိုလို့ရှိရင် မြေကြီး၊ မြေပုံနဲ့ လက်တွေ့ကွင်းနဲ့ လုံးဝကိုခြားနား နေတာတွေရှိပါတယ်။

အဲဒီအတွက်ကြောင့် နိုင်ငံသားတွေရဲ့ မြေကိုလက်ဝယ်ထားပိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ မြေယာစီမံခန့်ခွဲခွင့် အတွက်ကို တကယ်အရေးကြီးတဲ့ မြေကြီး၊ မြေပုံ၊ မြေစာရင်းမှန်ကန်ဖို့ မြေနဲ့သက်ဆိုင်တဲ့ သတင်းအချက်အလက်၊ စီမံခန့်ခွဲရေးကောင်းမွန်ဖို့အတွက်ကို တကယ်ကိုပဲ ကျွန်တော်တို့ အမျိုးသားအဆင့် စီမံကိန်းတစ်ရပ်ထားရှိပြီးတော့ ကာလတစ်ခုထားပြီးတော့ ဆောင်ရွက်ဖို့လိုအပ်ပါတယ်ခင်ဗျား။

နောက်တစ်ချက်အနေနဲ့ ပြောမယ်ဆိုလို့ရှိရင်တော့ မြေအသုံးချ စီမံကိန်းရေးဆွဲအသုံးချမှု မရှိခြင်းဟာလည်းဘဲ အမျိုးသားမြေအသုံးချမှုဝါဒရေးဆွဲတဲ့အထဲမှာ အဓိကအချက်ဖြစ်ပါတယ်။ ခုနက ကိုယ်စားလှယ်ကြီးတွေတင်ပြသလိုပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း မြို့ပြစီမံကိန်းတွေရေးဆွဲတယ်။ စည်ပင်သာယာရေးအဖွဲ့တွေကလည်းပဲ မြို့ရွာစီမံကိန်းတွေ ရေးဆွဲတယ်။ တစ်ခါ တချို့ဌာနတွေကလည်း တည်ဆဲဥပဒေအရဆိုပြီးတော့ စက်မှုစီးပွား၊ ဂရန်တွေ ထုတ်ပေးတယ်။ ဒါတွေက တစ်ခုနဲ့ တစ်ခုဆက်စပ်မှုမရှိဘဲနဲ့ နိုင်ငံရဲ့ဧရိယာအလိုက်၊ ဒေသအလိုက်ဖြစ်သလိုလုပ်နေတဲ့ အနေအထားက နေပြီးတော့မှ စနစ်တကျနဲ့ စီမံကိန်းရေးဆွဲပြီး ကာလတစ်ခုသတ်မှတ်ပြီးတော့ ဆောင်ရွက်ဖို့လိုနေတာကို ပြသခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုမရှိခြင်း၊ မြေယာလုပ်ပိုင်ခွင့် လုံခြုံမှု မရှိခြင်းဆိုတာ စောစောကပြောသလိုပဲ မြေကြီး၊ မြေပုံ၊ မြေစာရင်းမှန်ကန်မှုမရှိတဲ့အချက်တွေက အဓိကဖြစ်ပါတယ်။ မြေယာလုံခြုံမှုမရှိဘူးဆိုပေမယ့်လည်းပဲ တချို့မြေယာလုံခြုံမှုရှိတဲ့ အပိုင်းတွေ ပုံစံ(၇)ထွက်တဲ့အပိုင်းတွေကတော့ မြေယာလုံခြုံမှုရှိပြီးတော့ ပုံစံ(၇)မထွက်ပေမယ့် နှစ်ပေါင်းများစွာ ကတည်းက စိုက်ပျိုးနေတဲ့၊ မွေးမြူနေတဲ့မြေတွေဟာ မြေယာလုံခြုံမှုမရှိတဲ့ မြေတွေဖြစ်နေပါတယ်။ ဒါတွေကလည်းပဲ ကျွန်တော်တို့ အမျိုးသားမြေဥပဒေတစ်ရပ်ပေါ်ပေါက်တဲ့အခါမှာ ဘယ်လိုထည့်သွင်း စဉ်းစားမလဲဆိုတဲ့အချက်ကို ဆောင်ရွက်ပေးဖို့လိုပါတယ်။

နောက်တစ်ချက်အနေနဲ့ ပြောမယ်ဆိုရင် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်ဆိုတာလည်းပဲ ခုနလိုပါပဲ မြေကြီး၊ မြေပုံ၊ မြေစာရင်းတွေ ဆွဲငင်တာတွေ၊ ပွန်းပဲ့တိုင်းတာမှုမရှိတာတွေ၊ မှတ်တမ်းမရှိတဲ့ အခါကျတော့ တိုင်းရင်းသားဒေသတွေမှာ သူတို့ကိုယ်တိုင် နှစ်ပေါင်းများစွာစိုက်ပျိုးလုပ်ကိုင်နေပေမယ့် လည်း အသိအမှတ်ပြုခြင်းမခံရဘူး။ အဲဒီအတွက်ကြောင့် လုံခြုံမှုမရှိဘူး။ ဒီလို ဓလေ့ထုံးတမ်းအရ စိုက်ပျိုးနေတဲ့နေရာတွေမှာ အထူးသဖြင့် သူတို့ရဲ့ဘဝတွေ လုံခြုံမှုရှိဖို့၊ သူတို့ရဲ့ လုပ်ကိုင်မှုတွေလုံခြုံမှု ရှိဖို့၊ သူတို့ရဲ့ စီးပွားရေးစနစ်တွေကောင်းမွန်လာဖို့ သူတို့ကို ဘယ်လိုနည်းပညာတွေ ပံ့ပိုးပေးနိုင်မလဲ ကစပြီးတော့ အမျိုးသားမြေယာမူဝါဒမှာရော၊ အမျိုးသားမြေအသုံးချမှုဝါဒကိုရောပဲ ထည့်သွင်း ပြီးတော့ ထပ်မံပြီးတော့ ရေးဆွဲသင့်ပါတယ်။ ဒါကတော့ ဒေါက်တာပြည့်ဖြိုး ရဲ့ အဆိုနဲ့ ပတ်သက် ပြီးတော့ ထောက်ခံတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအမျိုးသားမြေအသုံးချမှုဝါဒမှာ မြေနဲ့ပတ်သက်လို့ အရေးကြီးဆုံး ဖြစ်တဲ့ မြေအမျိုးအစားနဲ့ မြေအတန်းအစားများ သတ်မှတ်ခြင်းဖြစ်ပါတယ်။ ဒီမှာ သတ်မှတ်ထားတာက စိုက်ပျိုးမြေ၊ သစ်တောမြေ၊ အခြားမြေဆိုပြီးတော့ပဲ သတ်မှတ်ထားပါတယ်။ ကျန်တဲ့ဥစ္စာကိုတော့ ယေဘုယျသဘောမျိုးခြုံထားပါတယ်။ ဒီဟာကလည်း ပြန်ပြီးတော့ ဒါကိုလည်း ပြန်လည်သုံးသပ် ပြင်ဆင်ရမယ်၊ ဖြည့်စွက်သင့်တယ်ဆိုပြီးတော့ အကြံပြုထားပါတယ်။ ဒါကြောင့် မြေအသုံးချမှုဝါဒ

မှာလည်း ပြန်လည်သုံးသပ်ပြင်ဆင်ရမယ့်အချက်တွေ၊ ဖြည့်စွက်ရမယ့်အချက်တွေ ပါပါတယ်။ ဒါကြောင့်လည်းပဲ ဒီမြေအသုံးချမှုနဲ့ ပတ်သက်ပြီးတော့ မြေအမျိုးအစားနဲ့ မြေအတန်းအစား သတ်မှတ်ခြင်းကိုလည်း ပြန်လည်သုံးသပ်ပြီးတော့ ပြင်ဆင်သင့်ပါတယ်။ ဖြည့်စွက်သင့်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့ မြေတွေကို ဘယ်လိုအသုံးချမလဲ၊ မြေတွေကိုဘယ်လိုစီမံခန့်ခွဲမလဲ၊ မြေတွေကိုဘယ်လို အုပ်ချုပ်မလဲ ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရှိအောင်ဘယ်လိုဆောင်ရွက်မလဲ ဆိုတာပေါ်လာမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ ကျွန်တော်ကတော့ ဒီတစ်ခုပေါ့။ ၂၀၁၂ ခုနှစ်မှာ ပေါ်ပေါက်တဲ့ ဥပဒေတွေနဲ့၊ ဝန်ကြီးဌာနနဲ့ ဝန်ကြီးဌာနကထုတ်ပြန်တဲ့အချက်အလက်တွေ သဟဇာတမဖြစ်တာကို တင်ပြပါ့မယ်။ ဝန်ကြီးဌာနကတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှု ဥပဒေဆိုပြီးတော့ ထွက်ပါတယ်။ တစ်ခါ ဒီဌာနကပဲ မြေယာသယံဇာတဆိုင်ရာ အချက်အလက်များ ဆိုပြီးတော့ ဖော်ပြတာ ရှိပါတယ်။ အဲဒီမှာ စိုက်ပျိုးမြေဧကပေါင်း သန်း(၃၀)ကျော်ရှိပါတယ်။ မြေရိုင်း၊ တောရိုင်းဧက(၄၉) သန်းကျော်ရှိပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေ ကြိုးဝိုင်း၊ ကြိုးပြင်၊ ကာကွယ်တောမြေ၊ ဧက ပေါင်း (၉၆)သန်းကျော်ရှိပါတယ်။ မွေးမြူရေးအသုံးပြုထားသော မြေဧက(၁)သိန်းကျော်ရှိပါတယ်။ စိုက်ပျိုးရေးအဖြစ် အသုံးမပြုနိုင်သောမြေဆိုပြီးဖော်ပြတယ်။ စုစုပေါင်း မြန်မာနိုင်ငံမှာ ဧကပေါင်း သန်း(၁၆၇.၁၈)သန်းရှိပါတယ်။ ဒီလိုရှိနေပေမယ့်လည်းပဲ မြန်မာ့မြေသယံဇာတအနေနဲ့ ဖော်ပြပေမယ့် လည်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုပြီးတော့ မြေလွတ်၊ မြေလပ်ဆိုပြီး ဖော်ပြထားတာမရှိပါဘူး။ မြေလွတ်၊ မြေလပ်တွေက ဘယ်နေရာမှာရှိလဲ၊ ဧရိယာဘယ်လောက်ရှိလဲ သိရှိခြင်းမရှိပါဘူး။ မြေရိုင်းအနေနဲ့သာ ဖော်ပြခြင်းဖြစ်ပါတယ်။ မြေရိုင်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ လုံးဝစိုက်ပျိုးခြင်း မရှိတဲ့မြေ Virgin Soil, Virgin Land ဖြစ်ပြီးတော့ မြေလွတ်၊ မြေလပ် ဆိုတာကတော့ စိုက်ပျိုးမှုမရှိတဲ့ လှပ်ထားတဲ့၊ လစ်လပ်နေတဲ့မြေကို ဆိုလိုပါတယ်။ ဒီစိုက်ပျိုးခြင်းမရှိတဲ့ လစ်လပ်နေတဲ့မြေတွေဟာ တကယ့်တကယ်ကွင်းထဲမှာ ကြည့်တဲ့အခါမှာ တကယ်စိုက်ပျိုးလုပ်ကိုင်နေတဲ့ မြေတွေဖြစ်နေပါတယ်။

ဒါကြောင့် ဒီဥပဒေ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းဥပဒေမှာလည်းပဲ အဓိပ္ပာယ်ဖွင့်ဆိုချက် အရကော၊ ဥပဒေနဲ့ တကယ့်လက်တွေ့မြေပြင်မှာဖြစ်နေတာနဲ့ ကွာခြားနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီဟာကိုလည်းပဲ ဒီဝန်ကြီးဌာနတစ်ခုတည်းက ၂၀၁၂ ခုနှစ် ကရေးဆွဲတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြေလွတ်၊ မြေလပ်ဆိုတဲ့ ဥစ္စာနဲ့ တကယ်ပဲ ကွင်းဖွဲ့တိုင်းတာခြင်းမရှိကြတဲ့ တကယ်စိုက်ပျိုးနေတဲ့မြေတွေဟာ ဘယ်မှာထည့်မလဲ၊ မြေလွတ်၊ မြေလပ် နှင့်မြေရိုင်း ဥပဒေထဲမှာပဲ ထည့်မလား၊ လယ်ယာမြေဥပဒေထဲမှာပဲ ထည့်မလား၊ ဒါကို ကျွန်တော်တို့ အမျိုးသားမြေဥပဒေ ရေးဆွဲတဲ့အခါမှာ သေချာပြန်လည်စဉ်းစားပြီးတော့ ထည့်သွင်းသင့်ပါတယ်။ ဒါကြောင့် ကျွန်တော် နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး တင်သွင်းတဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းခြင်းအဆိုဟာ တကယ်ပဲ မြန်မာနိုင်ငံမှာ လိုအပ်တဲ့ ကိစ္စရပ်ဖြစ်တယ်။ အမျိုးသားရေးကိစ္စတစ်ရပ်ဖြစ်တဲ့အတွက်ကြောင့် ထောက်ခံပါကြောင်း တင်ပြ ပါတယ်။ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ (၁၈)ရက်မြောက်နေ့ အစည်းအဝေး ၂၇ - ၂ - ၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈)ရက် မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက် မြောက်နေ့ကို ၁၂း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]